http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင်

မဟာစည် ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ဓမ္မစကြာ တရားတော်ကြီး

မှ

မဂ္ဂင်ရှစ်ပါးလမ်းစဉ်

သာသနာ-၂၅၄၁ ကောဇာ-၁၃၅၉ ခရစ်-၁၉၉၇

http://www.dhammadownload.com
MMS000044

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင်

မဟာစည် ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ဓမ္မစကြာ တရားတော်ကြီး

မှ

မဂ္ဂင်ရှစ်ပါးလမ်းစဉ်

သာသနာ-၂၅၄၁ ကောဇာ-၁၃၅၉ ခရစ်-၁၉၉၇

http://www.dhammadownload.com

မဂ္ဂင်ရှစ်ပါးအကျယ်

ယနေ့ဟောဘို့ တရားကတော့ လဆန်း (၈)ရက်နေ့က ဟောခဲ့တဲ့ ဓမ္မစကြာတရား အစစ် ပါပဲ၊ အဲဒီနေ့က မဇ္ဈိမပဋိပဒါခေါ် တဲ့ မဂ္ဂင် ရှစ်ပါးကို ခေါင်းစဉ်လောက်ပဲ ဖော် ပြခဲ့ ရသေး တယ်၊ ယနေ့တော့ အဲဒီ မဂ္ဂင်ရှစ်ပါး ကို အကျယ် ဖွင့်ပြပြီး ဟောရမယ်၊ အဲဒီ ခေါင်းစဉ် ပါဠိ အနက်ကို လိုက်ဆိုကြရမယ်။

သမ္မာဒိဋ္ဌိ–မှန်စွာမြင်ခြင်း၊သမ္မာ သင်္ကပ္ပေါ – မှန်စွာကြံခြင်း၊ သမ္မာဝါစာ– မှန်စွာပြော ဆို ခြင်း၊ သမ္မာကမ္မန္တော–မှန်စွာပြုခြင်း၊ သမ္မာ အာဇီဝေါ–မှန်စွာအသက်မွေး ခြင်း။

သမ္မာဝါယာမော–မှန်စွာ အားထုတ်ခြင်း၊ သမ္မာ သတိ–မှန်စွာ အမှတ်ရခြင်း၊ သမ္မာ သမာဓိ–မှန်စွာ ရှုးမိုက်တည်ကြည်ခြင်း။

အဲဒီ မဂ္ဂင်ရှစ်ပါးကို ဘုန်းကြီးက မြန်မာ ရှစ် လုံးဘွဲ့ ဆောင်ပုဒ်စီထားတယ် ...

" မှန်စွာမြင်သိ ကြံမိ မှန်ကန်၊
မှန်စွာပြော၊ ပြု ရှာမှု လမ်းမှန်၊
မှန်စွာကြောင့်ကြံ မှတ်ရမှန်ကန်၊
ရှုးမိုက်ကပ် ရှာရပ် မဂ်လမ်းမှန် " တဲ့။

http://www.dhammadownload.com

အဲဒါကိုလဲ ဆိုကြရမယ်။

မှန်စွာမြင်သိ ကြံမိ မှန်ကန်၊
မှန်စွာပြော့ပြု ရှာမှု လမ်းမှန်၊
မှန်စွာကြောင့်ကြ မှတ်ရမှန်ကန်၊
စူးစိုက်ကပ် ရှစ်ရပ် မဂ်လမ်းမှန်။

အဲဒီ မဂ္ဂင်ရှစ်ပါးဟာ အကျဉ်းချုပ်အား ဖြင့် ဆိုယင် သီလ သမာဓိ ပညာ ဆိုတဲ့ ဒီသုံးပါး ပါပဲ၊ မဂ္ဂင်ရှစ်ပါးထဲက သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်သုံးပါးဟာ သီလ မဂ္ဂင် တွေပဲ၊ အဲဒီမဂ္ဂင်သုံးပါးနဲ့ ပြည့်စုံ အောင် အား ထုတ်ရင် သီလပြည့်စုံ တာပဲ။ သမ္မာဝါယာမ သမ္မာ သတိ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်သုံးပါးဟာ သမာဓိ မဂ္ဂင်တွေပဲ၊ အဲဒီ မဂ္ဂင် သုံးပါး ပြည့်စုံ အောင် အားထုတ်ရင် သမာဓိ ပြည့်စုံတာပဲ။ သမ္မာ ဒိဋ္ဌိနှင့် သမ္မာ သင်္ကပ္ပ ဆိုတဲ့ ဒီမဂ္ဂင် ၂-ပါးဟာ ပညာမဂ္ဂင် တွေပဲ၊ အဲဒီ ပညာမဂ္ဂင် တွေဖြစ်ပွား အောင် အား ထုတ်ရင် ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ ဆိုတဲ့ ဒီလောကီ လောကုတ္တရာ ပညာ တွေ ပြည့်စုံတော့တာပဲ။ ဒါကြောင့် အဲဒီ သီလ

http://www.dhammadownload.com

သမာဓိ ပညာမဂ္ဂင်တွေကို ကျင့်စဉ်အရအား ဖြင့် အသီးသီး ဖွင့်ပြပြီး ဟောသွားမယ်။

သမ္မာဝါစာမဂ္ဂင်

ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာဝါစာ- မှန် စွာ ပြောခြင်းသည်၊ (မိစ္ဆာ-ဆိုရင် မှားတာပဲ၊ အဲဒီ မိစ္ဆာ၏ ဆန့်ကျင်ဘက်ဖြစ်တဲ့အတွက် သမ္မာ- ကိုမှန်စွာလို့ပြန်တယ်) ကတမာ စ- အဘယ် ပါနည်း။ မုသာဝါဒါ-လိမ်လည် ပြော ဆိုခြင်း မှ၊ ဝေရမဏီ ရှောင်ကြဉ်ခြင်းသည်ရင်း၊ ပိသု ဏာယဝါစာယ- ဂုံးတိုက်စကားမှ၊ ဝေရ မဏီ- ရှောင် ကြဉ်ခြင်းသည်ရင်း၊ ဖရုသာယ ဝါစာ ယ-ကြမ်းတမ်းသော ဆဲဆိုစကားမှ၊ ဝေရမဏီ- ရှောင်ကြဉ် ခြင်းသည်ရင်း၊ သမ္ဖပ္ပလာပါ-အနှစ် မဲ့သော အပြိန် အဖျင်းစကားမှ ဝေရမဏီ- ရှောင်ကြဉ်ခြင်း သည်ရင်း၊ အတ္ထိ ရှိ၏၊ ဘိက္ခ ဝေ-ရဟန်းတို့၊ အယံ- မုသာဝါဒ စသည်မှ ဉ် ရှောင်ကြဉ်ခြင်း ကို၊သမ္မာဝါစာ- မှန်စွာပြော ဆိုခြင်းဟူ၍၊ ဝုစ္စတိ- ခေါ်ဆိုအပ်၏ တဲ့။

အဲဒါဟာ သမ္မာဝါစာကို အကျယ်ဖွင့်ပြ တဲ့ ဘုရားစကားတော်ပါပဲ၊ အဲဒီမှာ ဝေရမဏီ ဆို

http://www.dhammadownload.com

တဲ့ ရှောင်ကြဉ်ခြင်းကိုပဲ သမ္မာဝါစာလို့ ပြထား
တယ်၊ ဒါကြောင့် လိမ်ပြောဖို့ ဂုံးတိုက်ဖို့
ဆဲရေးကြိမ်း မောင်းဖို့ အနှစ်မဲ့စကားပြောဘို့
အကြောင်း တိုက်ဆိုင်တဲ့ အခါများ၌ အဲဒီလို
စကားမျိုးကို မပြောပဲ ရှောင်ကြဉ်မှုကိုပဲ သမ္မာ
ဝါစာ ခေါ် တယ်လို့ မှတ်ထားကြရမယ်၊ တရား
ကိုယ်အားဖြင့် တော့ သမ္မာဝါစာဝိရတီ စေတ
သိက် ပါပဲ၊ ဒါပေမယ့် အဲဒီ မုသာဝါဒ စသည်
မှ ရှောင်ကြဉ် ရင် မှန်တဲ့စကား၊ ညီညွတ်ရေး
စကား၊ ချိုသာတဲ့ စကား၊ အကျိုး ရှိတဲ့စကား၊
ဆိုတဲ့ ဒီသမ္မာဝါစာတွေကိုလဲ ပြောတော့တာ
ပါပဲ၊ ဒီနေရာမှာ လိုရင်းက တော့ မုသာဝါဒ
စသည်မှ ရှောင်ကြဉ်ရင် သီလကုသိုလ် ဖြစ်
တယ်၊ ငါးပါး ရှစ်ပါး ဆယ်ပါးသီလ ဆောက်
တည်ကျင့်သုံးနေတဲ့သူမှာ မုသာဝါဒါ ဝေရမဏီ
သိက္ခာပဒံ၊ သမာ ဒိယာမိ-လို့ ဆောက်တည်
ခြင်းဖြင့် ပိသုဏာ ဝါစာ ဖရုသဝါစာ၊ သမ္ဖပ္ပလာ
ပ ဆိုတဲ့ ဝစီဒု စရိုက်သုံးပါးမှလဲ ရှောင်ကြဉ်ရ
တယ်။

နောက်ပြီးတော့ မြင်တိုင်း၊ ကြားတိုင်း၊

http://www.dhammadownload.com

နံ့တိုင်း စားတိုင်း သိတိုင်း တွေ့ထိတိုင်း၊ ကြံ သိတိုင်း ပေါ်လာသမျှ ရုပ်နာမ်အာရုံတွေကို နှ ပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောမျှပလို့ အမှန် အတိုင်းသိနေရင် အဒီလို အမှန်အတိုင်း သိရ တဲ့ အာရုံနဲ့စပ်ပြီးတော့ မိစ္ဆာဝါစာကို ပြောဆို နိုင်မည့် ကိလေသာတွေတောင် ဖြစ်နိုင်ခွင့် မရှိတော့ဘူး၊ အဲဒါဟာ ဝိပဿနာဖြင့် အနုသ ယ ကိလေသာမှစပြီး မိစ္ဆာဝါစာကို တဒင်္ဂပ ဟာန်အားဖြင့် အနုသယ ကိလေသာမှ ပြီး မိစ္ဆာဝါစာကို တဒင်္ဂပဟာန်အားဖြင့် ပယ်တာပါ ပဲ။

အဲဒီ ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့ အခါကြတော့ အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်၊ အဲဒီအခါမှာ အရိ ယာမဂ် သမ္မာဝါစာဝိရတီဖြင့် မိစ္ဆာဝါစာကို အကြွင်းမဲ့ ပယ်သွားတယ်၊ ဒါကြောင့် ဝိသုဒ္ဓိ မဂ် (၃-၃၂၅) မှာ "သောတာပတ္တိမဂ်က မုသာ ဝါဒကို ပယ်သည်။ အနာဂါမိမဂ်က ပိသုဏာ ဝါစာနှင့် ဖရုသဝါစာဟို့ကိုပယ်သည်။ သို့ပေမ့ ဒီနေရာမှာ စေတနာကို ဝါစာလို့ဆို သည်။ (စေတနာမပါပဲ အပြောအဆို ကြမ်း တော

http://www.dhammadownload.com

တော့ ရှိနိုင်သေးသည်)၊ အရဟတ္တမဂ် က သမ္မပ္ပလာပကို ပယ်သည်" လို့ပြဆိုထား ပါတယ်။ (အပါယဂမနီယ ပိသု, ဖရု, သမ္ဖ တို့ကိုမူ ပဌမမဂ်က ပယ်ခဲ့သည်ဟု ယူရသည်) ဒါကြောင့် ဒီသမ္မာဝါစာမဂ္ဂင်ကို အရိယာမဂ် လေးပါးအထိ ပြည့်စုံအောင် အားထုတ်ဖို့ပါပဲ။ ယခု မိစ္ဆာဝါစာလေးပါးနှင့် သမ္မာဝါစာလေးပါး တို့ကို တိုတိုနှင့် ဆောင်မှတ်ထားရအောင် ဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

(က) မုသာ, ပိသု၊ ဖရု,သမ္ဖ၊ ဤလေးဖြာ၊ မိစ္ဆာဝါစာတည်း။

(ခ) မိစ္ဆာဝါစာ၊ ရှောင်ကြဉ်တာ၊ သမ္မာဝါစာတည်း။

သမ္မာကမ္မန္တမဂ္ဂင်

ဘိက္ခဝေ–ရဟန်းတို့၊ သမ္မာကမ္မန္တော–မှန်စွာပြုခြင်းသည်၊ ကတမော စ–အဘယ်ပါနည်း၊ ပါဏာတိပါတာ– သတ္တဝါကို သတ်ခြင်းမှ၊ ဝေရမဏီ–ရှောင်ကြဉ်ခြင်းသည်ရင်း၊ အဒိန္နာဒါနာ–လုယက်ခိုးယူခြင်းမှ၊ ဝေရမဏီ–

http://www.dhammadownload.com

ရှောင်ကြဉ်ခြင်းသည်၎င်း၊ကာမေသု မိစ္ဆာ စာရာ
-မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ မှား ယွင်း
ကျူးလွန်ခြင်းမှ၊ ဝေရမဏီ- ရှောင်ကြဉ် ခြင်း
သည်၎င်း၊ အတ္ထိ-ရှိ၏၊ ဘိက္ခဝေ-ရဟန်းတို့၊
အယံ ပါဏာတိပါတစသည်မှ ဤရှောင်ကြဉ်
ခြင်းကို၊ သမ္မာကမ္မန္တော-မှန်စွာပြုခြင်းဟူ၍၊ ဝုစ္စ
တိ-ခေါ်ဆိုအပ်၏-တဲ့။

အဲဒါဟာ သမ္မာကမ္မန္တမဂ္ဂင်ကို အကျယ်ဖွင့်
ပြတဲ့ ဘုရားစကားတော်ပါပဲ၊ ဒီမှာလဲ ဝေရမဏီ
ရှောင်ကြဉ်ခြင်းကိုပဲ သမ္မာကမ္မန္တလို့ ပြဆိုထား
တယ်၊ ဒါကြောင့် သတ်ရန် ခိုးရန် မတော်မတ
ရားကျူးလွန်ရန် အကြောင်းတိုက်ဆိုင်သော
အခါများ၌ အဲဒီလို အမှုမျိုးကိုလဲ မပြုပဲ ရှောင်
ကြဉ်တာကိုပင် သမ္မာကမ္မန္တလို့ မှတ်ကြရမယ်၊
ပုံစံထုတ်ပြရလျှင် မိမိကို ကိုက်နေတဲ့ခြင်ကို
မသတ်ပဲ၊ ချောက်ပြီးလွှတ်လိုက်ရင် အဲဒါသတ်
မှုမှ ရှောင်ကြဉ်တဲ့ သမ္မာကမ္မန္တပဲ၊ ဒီနည်းဖြင့်
ခိုးမှု မတရားကျူးလွန်မှုတို့မှ ရှောင်ကြဉ်ပုံကိုလဲ
သိနားလည်လောက်ပါပြီ။

http://www.dhammadownload.com

ဒါပေမဲ့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်တယ်ဆိုတာကတော့ သိနားလည်ဘို့ နဲနဲခက်တယ်၊ အဲဒါကို နဲနဲချဲ့ပြောရဦးမယ်၊ ယောကျ်ားများက မကျူးလွန်အပ်သော မိန်းမတွေကို ၂၀ ခွဲခြားပြထားတယ်၊ အကျဉ်းချုပ်အာဖြင့်တော့ မိဘ အအုပ်အထိန်းရှိသူ၊ အစ်ကို မောင် အအုပ်အထိန်းရှိသူ၊ အစ်မ ညီမ အအုပ်အထိန်းရှိသူ၊ ဆွေမျိုးအုပ်ထိန်းသူ၊ အနွယ်အုပ်ထိန်းသူ၊ တရားကျင့်ဖော် အုပ်ထိန်းသူ၊ ကြောင်းလမ်းထားသူ၊ လင်ရှိမယား၊ ဒီလိုမိန်းမတို့၌ ကျူးလွန်လျှင် ယောကျ်ားမှာ ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်၊ လင်ရှိ (သူ့တပါး) မယားနှင့် ကြောင်းလမ်းထားပြီး မိန်းများမှာ အခြား ယောကျ်ားနှင့် ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်၊ အဲဒီလို မကောင်းမှုမှ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တဖြစ်တယ်၊ ယခု မိစ္ဆာကမ္မန္တ သုံးပါးနှင့် သမ္မာကမ္မန္တသုံးပါးကို တိုတိုနဲ့မှတ်ရအောင် လိုက်ဆိုကြရမယ်။

(က) သက်သတ်၊ ခိုးလု၊ ကာမေသု၊
အမှုမိစ္ဆာကံ။

http://www.dhammadownload.com

(ခ) သတ်, ခိုး, ကာမေ၊ ရှောင်ကြဉ်နေ၊
မှတ်လေသမ္မာကံ ။

ဒီသမ္မာကမ္မန္တ မဂ္ဂင်ကို သီလဆောက်တည် ကျင့်သုံးသော အားဖြင့်လည်း ပွားစေရမယ်၊ ဝိပဿနာကို ပွားစေသောအားဖြင့်လဲ ပွားစေရမယ်၊ အရိယမဂ်လေးပါးအထိ ပွားစေသော အားဖြင့် ဒီသမ္မာကမ္မန္တမဂ္ဂင်ကို ပြည့်စုံစေရမယ်။

သမ္မာအာဇီဝမဂ္ဂင်

စားဝတ်နေရေး၊ အသက်မွေးဝမ်းကျောင်း အတွက် ပြုလုပ်တဲ့ ကာယဒုစရိုက် သုံးပါးနဲ့ ဝစီဒုစရိုက်လေးပါးကို မိစ္ဆာအာဇီဝခေါ်တယ်၊ အဲဒီမိစ္ဆာအာဇီဝမှ ရှောင်ကြဉ်တာကို သမ္မာ အာဇီဝခေါ်တယ်။ အဲဒါကို မြတ်စွာဘုရားက ဒီလို ဟောန်ဖွင့်ပြတော်မူပါတယ်။

ဘိက္ခဝေ–ရဟန်းတို့၊ သမ္မာအာဇီဝေါ– မှန် စွာ အသက်မွေးခြင်းသည်၊ ကတမော စ– အဘယ်ပါနည်း။ ဘိက္ခဝေ–ရဟန်းတို့၊ ဣဓ– ဤဒေသနာတော်၌၊ အရိယသာဝကော– အရိ ယာတပည့်သည်၊ ဝါ၊ ဘုရား၏ တပည့်သည်၊

http://www.dhammadownload.com

မိစ္ဆာအာဇီဝံ- မှားသော (မတရားစီးပွားရာ၍) အသက်မွေးမှုကို ပဟာယ-ရှောင်ပယ်၍၊ သမ္မာအာဇီဝေန- မှန်ကန်သော (တရားသဖြင့် စီးပွားရာ၍) အသက်မွေးခြင်းဖြင့်၊ ဇီဝိတံ၊ အသက်မွေးခြင်းကို၊ ကပ္ပေတိ-ပြု၏၊ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤတရားသဖြင့် အသက်မွေးခြင်းကို သမ္မာအာဇီဝေါ မှန်စွာ အသက်မွေးခြင်းဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏-တဲ့။

မိစ္ဆာအာဇီဝကို ပယ်ပြီး သမ္မာအာဇီဝဖြင့် အသက်မွေးတယ်ဆိုရာမှာ မိစ္ဆာအာဇီဝဆိုတာ မတရားတဲ့နည်းဖြင့် စီးပွားရာပြီး မိမိကိုယ်ကို မွေးမြူ ပြုစုတာပါပဲ၊ အဲဒါက ဘာတွေလဲဆိုရင် သတ်ခြင်း၊ ခိုးခြင်း အစရှိသော ဒုစရိုက်မှုဖြင့် စီးပွားရာတာဟာ မိစ္ဆာအာဇီဝပဲ၊ အသက်မွေးဝမ်းကျောင်းနဲ့ မဆိုင်တဲ့ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတွေကိုတော့၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာဝါစာ လို့သာခေါ်ရတယ်၊ မိစ္ဆာအာဇီဝလို့တော့ မခေါ်ရဘူး၊ အသက်မွေးဝမ်းကျောင်း စီးပွားရေးအတွက် ပြုလုပ် ပြောဆိုတဲ့ ကာယကံ ဝစီကံကိုသာ မိစ္ဆာအာဇီဝလို့ ခေါ်ရ

http://www.dhammadownload.com

တယ်၊ ပုံစံထုတ်ပြရရင် ဒေါသအလျောက် ခြင်မှက်ကြမ်းပိုး မြွေ ကင်း စသည်ကို သတ်တာ။ ရန်သူကိုသတ်တာ၊ ဒီလိုအမှုက မိစ္ဆာကမ္မန္တကာယဒုစရိုက်သာမည်တယ်၊ မိစ္ဆာအာဇီဝတော့ မမည်ဘူး၊ စီးပွားရေးအတွက် ရောင်းဘို့ဖြစ်စေ၊ မိမိတို့ ကိုယ်တိုင် ချက်စားဘို့ဖြစ်စေ၊ ကြက် ဝက် ဆိတ် ငါး စသည်ကို သတ်တာကတော့ မိစ္ဆာအာဇီဝဘဲ၊ သူတပါးဥစ္စာကို လုယက် ခိုးယူတာကတော့ စီးပွားရေးအတွက် များမှာပါပဲ၊ ဒါကြောင့် အဲဒီ လုယက် ခိုးယူမှုကတော့ မိစ္ဆာအာဇီဝပဲ များပါလိမ့်မယ်၊ ရန်ငြိုးထားပြီး မုန်းလို့ သူ့ဥစ္စာကိုခိုးတာ၊ ဝါသနာပါလို့ခိုးတာ၊ ဒီလိုဟာလောက်ပဲ၊ မိစ္ဆာကမ္မန္တထဲ ဝင်ဖွယ်ရှိပါတယ်၊ ကာမေသု မိစ္ဆာစာရကတော့ အသက်မွေးဝမ်းကျောင်းနဲ့ မဆိုင်တာပဲ များမယ်၊ ဒါပေမဲ့ အခကြေးငွေကို ယူပြီး အမျိုးသမီးများကို ဖျက်ဆီးယင် အဲဒါတွေကတော့ မိစ္ဆာအာဇီဝပဲ။

မုသာဝါဒကတော့ စီးပွားရေးအတွက် မဟုတ်ပဲ လိမ်ပြောယင် မိစ္ဆာဝါစာပဲ၊ အရောင်းအဝယ်ကိစ္စ စသည်မှာ ဖြစ်စေ, တရားရုံးတော်

http://www.dhammadownload.com

စသည်မှာဖြစ်စေ စီးပွားရေးအတွက် လိမ်ပြောတာကတော့ မိစ္ဆာအာဇီဝပဲ၊ ထို့အတူပင် စီးပွားရေးအတွက် မဟုတ်ဘဲ ပြောဆိုတဲ့ ပိသုဏာဝါစာက မိစ္ဆာဝါဒပဲ၊ စီးပွားရေးအတွက် ပြောဆိုတဲ့ ပိသုဏာဝါစာကတော့ မိစ္ဆာအာဇီဝပဲ၊ ယခုကာလမှာ တဖက်သား ပုဂ္ဂိုလ်အား အကြည်ညိုပျက်စေရန် ဝါဒဖြန့်တယ်ဆိုတာ အများအားဖြင့် စီးပွားရေးနဲ့ စပ်ဆိုင်နေတဲ့အတွက် မိစ္ဆာအာဇီဝထဲ ဝင်တာကပဲ များပါလိမ့်မယ်၊ ဖရုသဝါစာကတော့ စီးပွားရေးအတွက် ပြောရတာ အလွန်နဲပါလိမ့်မယ်၊ သမ္ဖပ္ပလာပကတော့ ခေတ်ပေါ် ဝတ္ထုရေးတာ ပြဇာတ်ရေးတာ၊ ထိုးဇာတ်ဖြင့် ကပြတာ ရုပ်ရှင်ပြတာ စသည်ဖြင့် မိစ္ဆာအာဇီဝအလုပ်တွေ တော်တော်များဖွယ် ရှိပါတယ်။

အဲဒီ မိစ္ဆာအာဇီဝ အလုပ်တွေဟာ (သတ်မှု ခိုးမှု လိမ်မှု စသည်မှ ရှောင်ကြဉ်ရမယ်ဆိုတဲ့) သူတော်ကောင်းတို့၏ ကိုယ်ကျင့်တရားနှင့် ကင်းကွာပြီး ပြုလုပ်တဲ့ အမှုတွေချည်းပဲ၊ အဲဒီ အနက်အဓိပ္ပါယ်ကို တိုတိုနဲ့ ဆောင်မှတ်တထား:

http://www.dhammadownload.com

ရအောင် "တရားမဲ့စွာ၊ ပစ္စည်းရှာ၊ မိစ္ဆာအာဇီဝ" လို့ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(က) တရားမဲ့စွာ၊ ပစ္စည်းရှာ၊ မိစ္ဆာအာဇီဝ။

ငါးပါးသီလစောင့်တဲ့သူမှာ သိက္ခာပုဒ် ငါးပါးကို ဆောက်တည်ခြင်းဖြင့် ယခုပြောခဲ့တဲ့ မိစ္ဆာအာဇီဝ ခုနစ်ပါးလုံးကို ရှောင်ကြဉ်ရတယ်။ အာဇီဝဋ္ဌမကသီလ ဆောက်တည်တဲ့သူမှာတော့ မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်ဘို့ရာ သီးသန့် ဆောက်တည်ထားတဲ့အတွက် အလွန် ထင်ရှားနေပါတယ်၊ အဲဒီ မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်ပြီး သူတော်ကောင်းတို့၏ ကိုယ်ကျင့်တရားနှင့် ခကင်းကွာပဲ တရားသဖြင့် ပစ္စည်းရှာတာက သမ္မာအာဇီဝပဲ၊ ဒါကြောင့် "တရားမကွာ၊ ပစ္စည်းရှာ၊ သမ္မာအာဇီဝ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(ခ) တရားမကွာ၊ ပစ္စည်းရှာ၊ သမ္မာအာဇီဝ။

ဒါပေမဲ့ သမ္မာအာဇီဝမဂ္ဂင်ဆိုတာလဲ သမ္မာဝါစာ သမ္မာကမ္မန္တတို့လိုပင် ဝိရတီစေတသိက်

http://www.dhammadownload.com

ပဲ၊ ဒါကြောင့် မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်တာကိုသာ သမ္မာအာဇီဝမဂ္ဂင်လို့ မှတ်ကြရမယ်။ အဲဒီ သမ္မာအာဇီဝမဂ္ဂင်ကို သီလဆောက်တည် ကျင့်သုံးပြီးတော့လဲ ပွားစေရတယ်၊ ဝိပဿနာ ရှုပြီးတော့လဲ အရိယမဂ်ဝိရတီ ပြည့်စုံသည်အထိ ပွားစေရတယ်၊(ဒီနေရာမှာ သမ္မာအာဇီဝ အကြောင်းကို ဒါထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိလိုလျှင် သလ္လေခသုတ်တရားတော် ဒုတိယအုပ် နှာ-၆၅ စသည်မှာကြည့်ပါ) ယခုပြောခဲ့တဲ့ သမ္မာဝါစာ-ကမ္မန္တ-အာဇီဝ ဆိုတဲ့ သုံးပါးဟာ သီလမဂ္ဂင်တွေပါပဲ၊ ယခုသမာဓိမဂ္ဂင်တွေကို ပြောရမယ်။

သမ္မာဝါယာမမဂ္ဂင်

ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာဝါယာမော-မှန်စွာအားထုတ်ခြင်းသည်၊ ကတမော စ-အဘယ်ပါနည်း။ ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းတို့သည်၊ အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ-မိမိမှာ မဖြစ်ဘူးသေးသော အယုတ်အညံ့ အကုသိုလ်တရားတို့၏၊ ဝါ-တရားတို့ကို၊ အနုပ္ပါဒါ

http://www.dhammadownload.com

ယ–အဖြစ်ရန်၊ မဖြစ်စေရန်အတွက် ဆန္ဒံ ဇနေတိ– အားထုတ်လိုခြင်းကို ဖြစ်စေ၏၊ ဝါယ မတိ–အားထုတ်၏၊ ဝီရိယံ အာရဘတိ–လုံ့လ ပြု၏။ စိတ္တံပဂ္ဂ–ဏှာတိ–စိတ်ကိုအားပေး၏။ ပဒဟတိ–ကြိုးစား၏၊ ဥပ္ပန္နာနံ ပါပကာနံ အကု သလာနံ ဓမ္မာနံ–မိမိမှာဖြစ်ဘူးသော အယုတ် အညံ့ အကုသိုလ်တရားတို့ကို၊ မဟာနာယ– ပယ်ရန် မဖြစ်စေရန်အတွက်၊ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ– အားထုတ်လိုခြင်းကို ဖြစ်စေ၏၊ အားထုတ်၏ လုံ့လပြု၏၊ စိတ်ကိုအားပေး၏ ကြိုးစား၏၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ–မိမိ မှာ မဖြစ်ဘူးသေးသော ကုသိုလ် တရားတို့၏၊ ဝါ–တရားတို့ကို၊ ဥပ္ပါဒါယ– ဖြစ်ရန် ဖြစ်စေ ရန်အတွက်၊ ဆန္ဒံ ဇနေတိ။ပ။ ပဒဟတိ–အား ထုတ်လိုခြင်းကို ဖြစ်စေ၏။ပ။ကြိုးစား၏။ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ–မိမိမှာ ဖြစ်ဘူးသော ကုသိုလ်တရားတို့၏၊ ဌိတိယာ–တည်တံ့ရန်၊ အသမ္မောသာယ–မမေ့ပျောက်ရန်၊ ဘိယျောဘာ ဝါယ–တိုး၍ဖြစ်ရန်၊ ဝေပုလ္လာယ–ပြန့်ပွားရန်၊ ဘာဝနာယ ပါရိပူရိယာ–ပွားစေမှု ဘာဝနာ

http://www.dhammadownload.com

ပြည့်စေရန်အတွက်၊ ဆန္ဒံဇနေတိ။ပ။ ပဒဟတိ-အားထုတ်လိုခြင်းကို ဖြစ်စေ၏။ ဘိက္ခဝေ-ရဟန်းတို့၊ အယံ-ဤအားထုတ်ခြင်းကို ၊ သမ္မာဝါယာမော-မှန်စွာ အားထုတ်ခြင်းဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏တဲ့။ (ဟောတဲ့အခါမှာ တော့တပိုင်းချင်းဖြတ်၍ ဖြတ်၍ ဟောရသည်)။

အဲဒါဟာ သမ္မာဝါယာမမဂ္ဂင်ကို အကျယ်ဖွင့်ပြတဲ့ မြတ်စွာဘုရား စကားတော်ပါပဲ၊ ဆိုလိုတာကတော့ (၁)မိမိမှာ မဖြစ်ဘူးသေးတဲ့ အကုသိုလ်ကို မဖြစ်အောင် အားထုတ်ရမယ်၊ သူတပါးတွေသတ်နေတာ ခိုးနေတာ လိမ်နေတာ စသည်ကို မြင်တွေ့ရ ကြားသိရရင် မိမိမှာ အဲဒီအကုသိုလ်မျိုး မဖြစ်အောင် အားထုတ်ရမယ်၊ ဥပမာအားဖြင့် သူများတွေမှာ တုပ်ကွေးဖျားစသော ရောဂါဖြစ်နေတာကို မြင်တွေ့ရ ကြားသိရရင် မိမိမှာ အဲဒီရောဂါမဖြစ်အောင် ကြိုးစားရ သတိပြုရသလိုပါပဲ။

(၂) မိမိမှာ ဖြစ်ဘူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်ရမယ်၊ ဒီနေရာမှာ ဖြစ်ဘူးတဲ့ အကုသိုလ်ဆိုတာက၂-မျိုးရှိတယ်၊

http://www.dhammadownload.com

တကယ်ဖြစ်ပေါ်ဘူးတဲ့ သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ခြင်း အစရှိတဲ့ ဝီတိက္ကမ အကုသိုလ်နှင့် ကာမဝိတက် အစရှိသော ပရိယုဋ္ဌာန် အကုသိုလ်ကတမျိုး၊ တကယ်မဖြစ်ပေါ်လာသော် လဲ အကြောင်းညီညွတ်ရင် ဘယ်အချိန်မဆို ဖြစ်နိုင် ခွင့်ရှိတဲ့အတွက် ဖြစ်နေတယ် ရှိနေတယ်လို့ ဆိုရတဲ့ အနုသယ အကုသိုလ်ကတမျိုး ဒီ၂-မျိုး ပါပဲ၊ အဲဒီ ၂-မျိုးထဲက ဝီတိက္ကမ အကုသိုလ်ကို တော့ သီလဖြင့် ပယ်ရတယ်၊ သီလကို ရိုရိုသေ သေ ထိန်းသိမ်းစောင့်ရှောက်နေရင် အဲဒီ ကိုယ် နှုတ်ဖြင့် ကျူးလွန်တဲ့ ဝီတိက္ကမအကုသိုလ်ကို ပယ်ပြီးသားဖြစ်နေပါတယ်၊ ကာမဝိတက်စသော စိတ်ကူးပရိယုဋ္ဌာန် အကိုသိုလ်ကိုတော့ သမထ ဝိပဿနာကို မပြတ်ပွားနေခြင်းဖြင့် ပယ်ရတယ် အနုသယ အကုသိုလ်ကိုတော့ ဝိပဿနာရှုပြီး တော့ ကဒင်္ဂအားဖြင့် ပယ်ရတယ်၊ အရိယမဂ် ဉာဏ်ဖြစ်ပေါ်တဲ့ အခါကျတော့ အဲဒီ အနုသယ ကို အမြစ်ပြတ်ပယ်နိုင်အောင် ရည်ရွယ်ပြီး ဝိပဿနာရှုခြင်းဖြင့်လဲ ပယ်ရတယ်၊ ဒါကတော့ နက်နဲပါတယ်၊ တကယ်ထိထိရောက်ရောက် ရှု မှတ်အားထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေမှ ကောင်း

http://www.dhammadownload.com

ကောင်းသံဘောပေါက် နားလည်နိုင်မယ်။

(၃) မဖြစ်သေးတဲ့ ကုသိုလ်တွေကို ဖြစ်အောင်အားထုတ်ရမယ်တဲ့၊ ဒါနကုသိုလ်ဖြစ်ဖြစ် သီလကုသိုလ်ဖြစ်ဖြစ်၊ သမထဘာဝနာ ကုသိုလ်ဖြစ်ဖြစ်၊ ဝိပဿနာဘာဝနာကုသိုလ်ဖြစ်ဖြစ် ဘယ်ကုသိုလ်မဆို စွမ်းနိုင်ယင် အဲဒီ မဖြစ်ဘူးသေးတဲ့ ကုသိုလ်ကို မိမိမှာ ဖြစ်အောင် အားထုတ်ဘို့ပါပဲ၊ တချို့က "ဒါန အစရှိသော ကုသိုလ်တွေပြုရင် သံသရာရှည်တယ်၊ ကုသိုလ်ဟာ အဝိဇ္ဇာ ကြောင့်ဖြစ်တဲ့ သင်္ခါရပဲ၊ ဒါကြောင့် သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ၊ ကုသိုလ်သင်္ခါရက ဘဝသစ် ဝိညာဏ်အကျိုးကို ဖြစ်စေတယ်၊ ဒါကြောင့် ကုသိုလ်ကိုလဲ ပယ်ရမယ်" စသည်ဖြင့် ဘုရားအလိုတော်နှင့် ဆန့်ကျင်တဲ့ အလွဲအမှားတွေကို ပြောနေကြတယ်။

အမှန်ကတော့ ကုသိုလ်ကိုပယ်ရင် အကုသိုလ်တွေချည်းဖြစ်နေတော့မှာပဲ၊ အဲဒါကမှ သံသရာရှည်ရုံမျှမကပဲ အပါယ်လေးပါးမှာချည်း ဖြစ်သွားဘို့ အကြောင်းပဲ၊ သံသရာရှည်တာက

http://www.dhammadownload.com

အဝိဇ္ဇာတဏှာ အစရှိတဲ့ ကိလေသာတွေကြောင့်ပဲ၊ ကုသိုလ်က အဲဒီ ကိလေသာတွေကို ပယ်နိုင်တယ်၊ အဲဒီလိုပယ်နိုင်အောင် ကုသိုလ်တရားတွေကို ဖြစ်ပွားစေရတာပဲ၊ သာမန်ကုသိုလ်ကလဲ သုဂတိဘဝသို့ ရောက်စေပြီးတော့ အဲဒီ သုဂတိဘဝမှာ သူတော်ကောင်းတရားကြားနာခြင်း တရားကျင့်ခြင်းဖြင့် အရိယာအဖြစ်သို့ ရောက်စေလျက် အပါယ်ဆင်းရဲ သံသရာဆင်းရဲများမှ လွတ်မြောက်စေနိုင်ပါတယ်၊ အဲဒါဟာ—ဖားနတ်သားဝတ္ထုဖြင့် ထင်ရှားပါတယ်၊ အဲဒီနတ်သားဟာ ဖားဘဝတုန်းက မြတ်စွာဘုရား ဟောတဲ့တရားကို အနက်အဓိပ္ပါယ် နားမလည်ပဲ ကြည်ညိုရုံမျှဖြင့် နာခဲ့တဲ့ကုသိုလ်ကြောင့် နတ်ဘဝရောက်ရတယ်၊ အဲဒီနတ်ဘဝမှာ ဘုရားထံ၌ တရားကို နာရပြန်ကော့ သောတာပန် ဖြစ်သွားပါသကဲ့။ ဒါကြောင့် မဖြစ်ဘူးသေးတဲ့ ကုသိုလ်ဟူသမျှကို ဖြစ်အောင်အားထုတ်ရတယ်၊ အထူးအားဖြင့် အရိယာမဂ်ကုသိုလ်ဖြစ်အောင် ဝိပဿနာကုသိုလ်ကို ဖြစ်ပွားစေရတယ်၊ အဲဒီလိုဖြစ်ပွားအောင် အားထုတ်တိုင်း အားထုတ်တိုင်း သမ္မဝါ

http://www.dhammadownload.com

ယာမမဂ္ဂင် ဖြစ်ပွားတယ်။

(၄) မိမိမှာဖြစ်ဘူးတဲ့ ကုသိုလ်ကို တည်တံ့ခိုင်မြဲအောင် ပွားများပြည့်စုံအောင် အားထုတ်ရမယ်၊ အဲဒါကတော့ ထင်ရှားနေပါပြီ၊ မြင်တိုင်းကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်နေတဲ့ ဝိပဿနာယောဂီတွေဟာ မဖြစ်ဘူးသေးတဲ့ အကုသိုလ် ဖြစ်ခွင့်မရအောင် မဖြစ်ရအောင် အားထုတ်နေသည်လဲမည်တယ်၊ ဖြစ်ဘူးတဲ့ အကုသိုလ်ကို ပယ်နိုင်အောင် အားထုတ်နေသည်လည်းမည်တယ်၊ မဖြစ်သေးတဲ့ အထက်အထက် ဝိပဿနာ ကုသိုလ်တွေနဲ့ အရိယမဂ်ကုသိုလ်ဖြစ်အောင် အားထုတ်နေသည်လဲ မည်တယ်၊ ဖြစ်ပြီးတဲ့ ဝိပဿနာကုသိုလ် တည်တံ့ခိုင်မြဲအောင် ပွားများပြည့်စုံအောင် အားထုတ်နေသည်လဲမည်တယ်၊ ဒါကြောင့် ရှုမှတ်တိုင်းရှုမှတ်တိုင်း သမ္မပ္ပဓာန်လေးပါးဆိုတဲ့ သမ္မာဝါယာမမဂ္ဂင်ကို ပွားနေသည်မည်တယ်၊ အဲဒီသမ္မပ္ပဓာန် ကိစ္စလေးပါးကို မှတ်မိအောင် လိုက်ဆိုကြရမယ်။

(၁) မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်

http://www.dhammadownload.com

အောင်အားထုတ်ခြင်း၊

(၂) ဖြစ်ဘူးတဲ့ အကုသိုလ်ကိုပယ်နိုင်အောင်အားထုတ်ခြင်း၊

(၃) မဖြစ်သေးတဲ့ အကုသိုလ်ကို ဖြစ်အောင် အားထုတ်ခြင်း၊

(၄) ဖြစ်ပြီးကုသိုလ်ကို တည်တံ့ပွားများပြည့်စုံသွားအောင် အားထုတ်ခြင်း၊

ဤလေးပါးကို သမ္မပ္ပဓာန်ကိစ္စ လေးပါးခေါ်သည်။

သမ္မပ္ပဓာန်လေးပါးဆိုတဲ့ ဒီ သမ္မာဝါယာမ မဂ္ဂင်ဟာ ဒါန သီလ ဘာဝနာ ကုသိုလ်အမှုကို ပြုလုပ် အားထုတ်တိုင်း ထိုက်သည်အားလျော်စွာ ပါဝင်နေတယ်၊ အထူးအားဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်သန်ပြီး ပြုတဲ့ ကုသိုလ်အမှုတွေမှာ ပါဝင်နေတယ်၊ ဝိပဿနာကုသိုလ်ထဲ ပါဝင်နေတာကိုတော့ အထူးပြောစရာ မလိုပါဘူး၊ ဒါကြောင့် "ကုသိုလ်ဆိုင်ရာ၊ အထားထုတ်တာ၊ သမ္မာဝါယာမ" လို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

ကုသိုလ်ဆိုင်ရာ၊အားထုတ်တာ၊သမ္မာဝါယာမ။

http://www.dhammadownload.com

သမ္မာသတိမဂ္ဂင်

ဘိက္ခဝေ–ရဟန်းတို့၊ သမ္မာသတိ– မှန်စွာ အမှတ်ရခြင်းသည်၊ ကတမာ စ–အဘယ်ပါ နည်း၊ ဘိက္ခဝေ–ရဟန်းတို့၊ ဣဓ ဘိက္ခု– ဤ သာသနာတော်က ရဟန်းသည်၊ ကာယေ– မမြဲ ဆင်းရဲ အစိုးလဲမရ မလှပ မတင့်တယ်သော ရုပ်အပေါင်း ကိုယ်၌၊ ကာယာနုပဿီ–မမြဲဆင်း ရဲ အစိုးလဲမရ မလှပ မတင့်တယ်သော ရုပ်အ ပေါင်းမျှဟု ရှုမြင်လျက်၊ (ဝိဟာရတိ၊နေ၏) အာတာပီ–ထိုသို့ ရှုမြင်နိုင်ရန် ပြင်းထန်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇာနော သတိမာ– အမှတ်ရလျက် မှန်စွာ သိသည်ဖြစ်၍၊ လောကေ ရုပ်အပေါင်းဟူသော လောက၌၊ ဝါ၊ ခန္ဓာငါးပါး ဟူသော လောက၌၊ အဘိဇ္ဈာ–ဒေါမနဿံ– အမှန်အတိုင်း မသိလျှင် ဖြစ်နိုင်သော အဘိဇ္ဈာ နှင့် ဒေါမနဿကို၊ ဝါ၊ လောဘ နှင့် ဒေါသကို ဝိနေယျ– အမှန်အတိုင်း ရှုမြင်သောအားဖြင့် ပယ်ဖျောက်၍၊ ဝိဟာရတိ–နေ၏။ ဝေဒနာသု–ခံ စားမှုဝေဒနာတို့၌ ဝေဒနာနုပဿီ– မမြဲဆင်းရဲ အစိုးလဲမရ ခံစားမှုမျှဟု ရှုမြင်လျက် (ဝိဟာရတိ၊

http://www.dhammadownload.com

နေ၏)။ပ။ စိတ္တေ-ကြံသိမှုစိတ်၌၊ စိတ္တာနုပဿီ မပြဲဆင်းရဲ အစိုးလဲမရ ကြံသိမှုသဘောမျှဟု ရှုမြင်လျက်၊ (ဝိဟရတိ၊နေ၏)။ပ။ ဓမ္မေသု- မြင်ကာမျှ၊ ကြားကာမျှ အစရှိသော သဘော တရားတို့၌၊ ဓမ္မာနုပဿီ-မပြဲ ဆင်းရဲ အစိုးလဲ မရ သဘောတရားမျှဟု ရှုမြင်လျက်၊ (ဝိဟရ တိ-နေ၏) အာတာပီ-ထိုသို့ ရှုမြင်နိုင်ရန် ပြင်း ထန်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇာနော- သတိမာ- အမှတ်ရလျက် မှန်စွာသိသည်ဖြစ်၍ လောကေ- (ဝေဒနာဟူသော လောက၊ စိတ်ဟူ သောလောက၊ သဘောတရားဟူသော) လောက ၌၊ ဝါ-ခန္ဓာငါးပါးဟူသောလောက၌ အဘိဇ္ဈာ နှင့် ဒေါမနဿကို ဝ့ါ-လောဘနှင့် ဒေါသကို ဝိနေယျ-အမှန်အတိုင်း ရှုမြင်သောအားဖြင့် ပယ်ဖျောက်၍၊ ဝိဟရတိ-နေ၏၊ ဘိက္ခဝေ- ရဟန်းကို၊ အယံ- မှန်စွာသိအောင် အမှတ်ရ သော ဤသဘောကို၊ သမ္မာသတိ-မှန်စွာ အမှတ်ရခြင်းဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏တဲ့။ (ဟောတဲ့အခါမှာတော့ တပိုင်းချင်းဖြတ်၍ ဖြတ် ၍ဟောရသည်)။

http://www.dhammadownload.com

မဂ္ဂင်ရှစ်ပါးအကျယ်ဟော, မဟော ဝေဘန်ချက်

အဲဒါဟာ သမ္မာသတိမဂ္ဂင်ကို အကျယ်ဖွင့်ပြတဲ့ မြတ်စွာဘုရား စကားတော်ပါပဲ၊ ယခုလက်ရှိ ဓမ္မစကြာသုတ် တရားတော်ထဲမှာ မဂ္ဂင်ရှစ်ပါးကို ခေါင်းစဉ်မျှသာ တွေ့ရတယ်၊ ဒီဓမ္မစကြာတရားကို ပဌမစပြီး မြတ်စွာဘုရား ဟောတော်မူစဉ်တုန်းက တရားထူးကို သိမြင်ကြမည့် အရှင်ကောဏ္ဍညနှင့်တကွ ဗြဟ္မာတွေ နတ်တွေ သမ္မာသတိဆိုတဲ့ ဒီစကားလုံးကလေး ကြားရုံမျှဖြင့်ပင် "ကာယဝေဒနာ စိတ္တဓမ္မကို မှန်စွာ အမှတ်ရပြီးသိတဲ့ သတိပဋ္ဌာန်လေးပါးကို ဆိုတယ်" လို့ သိနားလည် သွားကြပါသလား၊ "ကိုယ်အမူအရာတွေ ခံစားမှုတွေ စိတ်ကူးကြံသိမှုတွေ သဘောတရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီး အမှတ်ရတာကို သမ္မာသတိခေါ်တယ် အဲဒီ ကိုယ်အမူအရာ စသည်တွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရပြီး အဲဒီ သမ္မာသတိကို ပွားစေရမယ်' လို့ကော သိနားလည်သွားကြပါသလား၊ အဲဒါ စဉ်းစားစရာပဲ၊ အဲဒီလို မသိရင် နားမ

http://www.dhammadownload.com

လည်ရင်တော့ အဲဒီသမ္မာသတိကို ပွားစေရန် မစွမ်းနိုင်ကြပေဘူး၊ အဲဒီ သမ္မာသတိမဖြစ်ရင် အရိယာမဂ်ဖိုလ်တရားထူးကို မရနိုင်ကြပေဘူး။

ဒါကြောင့် အဲဒီတုံးက အရှင်ကောဏ္ဍည နှင့် ဗြဟ္မာတွေ နတ်တွေဟာ တရားဦးကိုနာပြီး ကျွတ်တမ်းဝင်ကြမည့် ပါရမီထူးရှိသူများဖြစ် သောကြောင့် သမ္မာသတိဆိုတဲ့ စကားလုံးကို ကြားရရုံနဲ့ "ဖြစ်တိုင်း ဖြစ်တိုင်းသော ကိုယ်အမူ အရာ စသည်ကို ရှုမှတ်လျက် သမ္မာသတိ မဂ္ဂင်ကို ပွားစေရမယ်" ဆိုတာ သိနားလည်ကြပြီး အဲဒီအတိုင်း ဖြစ်ပွားစေကြတဲ့အတွက် တရား ထူးကို ရသွားကြတယ်လို့ ဒီလိုယင်လဲ မှတ် ယူရမယ်၊ သို့မဟုတ် အဲဒီတုန်းက မဂ္ဂင်ရှစ်ပါး ကိုလဲ အများနားလည် လောက်အောင် ဖွင့်ပြ ဟောကြားခဲ့တယ်၊ သတိပဋ္ဌာန်လေးပါး ပွား များပုံကိုလဲ အများနားလည်လောက်အောင် ဖွင့် ပြဟောကြားခဲ့တယ်၊ ဒါပေမဲ့ အဲဒီအကျယ် ဖွင့် ပြချက်တွေက အခြားသုတ်တွေမှာ အသီးအခြား ရှိနေတဲ့အတွက် ပဋ္ဌမသံဂါယနာတင်တဲ့အခါ မှာ ဒီဓမ္မစက္ကပ္ပဝတ္တနသုတ်၌ မဂ္ဂင်ရှစ်ပါးကို ဒီ

http://www.dhammadownload.com

နေရာမှာရော၊ နောက် မဂ္ဂသစ္စာအရာမှာရော ခေါင်းစဉ်အမည်မျှသာ အကျဉ်းချုံးပြီး သံဂါယနာတင်ခဲ့တယ်လို့ ဒီလိုယင်လဲ မှတ်ယူရမယ်၊ ဒီလို အကျဉ်းချုံးပြီး သံဂါယနာတင်တဲ့ အခြားသုတ် ရှိပါရဲ့လားလို့ မေးရင် ရှိပါတယ်လို့ ဖြေနိုင်ပါတယ်၊ ဘယ်သုတ်လဲဆိုရင် မူလပဏ္ဏာသမှာ သတိပဋ္ဌာနသုတ် ဆိုတာပါပဲ၊ အဲဒီသုတ်ဟာ မဟာသတိပဋ္ဌာနသုတ်ကို အကျဉ်းချုံးပြီး ပဋ္ဌမပိုင်းမျှကိုသာ မူလကသံဂါယနာ တင်ခဲ့ပါတယ်၊ ဒါပေမယ့် ယခုဆဋ္ဌသံဂါယနာကြတော့ နောက်ပိုင်းပါ ဖြည့်စွက်ပြီး သံဂါယနာတင်ထားပါတယ်၊ သို့သော်လည်း အဲဒီနောက်ပိုင်း အဖွင့်ကတော့ အဲဒီ မူလပဏ္ဏာသ အဋ္ဌကထာမှာ မရှိပါဘူး၊ ဒီပြင်လဲ အခြားနိကာယ်က သုတ်ရှည်တွေကို ခုဒ္ဒကနိကာယ်ထဲမှာ ချုံးပြီး သံဂါယနာတင်ထားတာတွေ ရှိပါတယ်၊ ဒါကြောင့် ဒီနေရာမှာလဲ အကျယ်ဖွင့်ပြချက်တွေကို ပဌမသံဂါယနာတင်စဉ်က ခြွင်းချန်ပြီး အတိုချုံး သံဂါယနာတင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

အဲဒီလိုဆိုရင်တော့ မဂ္ဂင်ရှစ်ပါး ခေါင်းစဉ်

http://www.dhammadownload.com

အမည်မျှကလေးဖြင့် အကျယ် အနက်တွေကို ဘယ်လိုသိနိုင်ကြပါလိမ့်မလဲလို့ စဉ်းစားစရာ မလိုတော့ဘူး၊ ယခုနေအခါမှာဆိုယင် ယခု ဘုန်းကြီး ရွတ်ဆို ဟောပြတဲ့ သတိပဋ္ဌာန်လေးပါးအကြောင်းကိုလဲ သိကြပါလျက်၊ အဲဒီ အကျဉ်းချုပ်မှာ ဥဒ္ဒေသစကား၏ အကျယ်ဖြစ်တဲ့ မဟာသတိပဋ္ဌာနသုတ်ကြီးကိုလဲ တွေ့နေကြပါလျက်၊ အဲဒီသုတ်၏ အဋ္ဌကထာ အဖွင့်တွေကိုလဲ တွေ့နေကြပါလျက် "သမ္မာသတိမဂ္ဂင် ကို ဘယ်လိုပွားစေရမယ်" လို့ တိတိကျကျ နားလည်တဲ့ ပုဂ္ဂိုလ်က အနည်းသားပဲ၊ ဒါကြောင့် ဟိုတုန်းကလဲ အများနားလည်အောင် မြတ်စွာဘုရားက အကျယ်ဖွင့်ပြ ဟောကြားခဲ့တယ်လို့ ဘုန်းကြီးက သဘောကျပါတယ်။

ဒီနေရာမှာ "သမ္မာသတိမဂ္ဂင် ဆိုတာ သတိ ပဋ္ဌာန်လေးပါး ပဲ" လို့ ခိုင်ခိုင်မြဲမြဲ မှတ်ထားကြရမယ်၊ သမ္မာ သတိမဂ္ဂင်ကို သတိပဋ္ဌာန်လေးပါး လို့ဆိုတော့ အဲဒီ သမ္မာသတိ မဂ္ဂင်ကို ဘယ်လို ပွားစေရမလဲဆိုရင် ခုတင်က ရွတ်ဆိုပြခဲ့တဲ့ အဖွင့်ပါဠိဖြင့်လဲ အတော်အတန်

http://www.dhammadownload.com

ထင်ရှားနေပါပြီ၊ အဲဒီ ပါဠိဟာလဲ မဟာသတိပဋ္ဌာနသုတ်က ဥဒ္ဒေသ အကျဉ်းစကားနှင့် ထပ်တူပါပဲ၊ ဒါကြောင့် အဲဒီ အကျဉ်းစကားလောက်နဲ့ ကောင်းကောင်း နားမလည်သေးရင် အကျယ်ပြထားတဲ့ မဟာသတိပဋ္ဌာနသုတ်ကြီးကို လေးလေးနက်နက် လေ့လာ ကြည့်ရှုရုံပါပဲ အဲဒီလို လေ့လာ ကြည့်ရှုရင် ကာယာနုပဿနာ အလိုအားဖြင့် ဝင်လေ ထွက်လေ ဆိုတဲ့ အာနာပါနကိုရင်လဲ ရှုရမယ်၊ သို့မဟုတ် ဆံပင် မွေးညှင်း အစရှိသော ၃၂-ကောဋ္ဌာသကိုရင်လဲ ရှုရမယ်၊ အဲဒီ ၂-ပါးကိုတော့ သမထ ကမ္မဋ္ဌာန်းလို့ အဋ္ဌကထာက ဆိုပါတယ်၊ ကျန်တဲ့ သတိပဋ္ဌာန် ၁၉-ပိုင်းကိုတော့ ဝိပဿနာ ကမ္မဋ္ဌာန်းလို့လဲ ဆိုပါတယ်၊ ဥပစာရ ကမ္မဋ္ဌာန်းလို့လဲ ဆိုပါတယ်၊ ဥပစာရ ကမ္မဋ္ဌာန်းဆိုတော့ အပ္ပနာဈာန် သမာဓိကို မရစေနိုင်ဘူး၊ ဥပစာရ သမာဓိလောက်သာရစေနိုင်တယ် လို့ ဆိုလိုပါတယ်။

ဝိပဿနာသတိဖြစ်စေချင်ရင်

ဒါကြောင့် ဝိပဿနာ သမာဓိမဂ္ဂင်ကို ဖြစ်စေချင်ယင်တော့ အဲဒီကျန်တဲ့ ၁၉-ပိုင်းထဲက

http://www.dhammadownload.com

အလိုရှိရာကို ရှုရုံပါပဲ၊ ဣရိယာပထပိုင်းအရ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ- စသည်နှင့် အညီ) သွားဆဲမှာ သွားရုပ်ကို ရှုရမယ်၊ ရပ်ဆဲ ထိုင်ဆဲ လဲလျောင်းဆဲမှာ ရပ်ရုပ် ထိုင်ရုပ် လျောင်းရုပ်များကို ရှုရမယ်၊ (ယထာ ယထာ ဝါ ပန-စသည်နှင့်အညီ) ထိုင်ဆဲ စသည်မှာ အခြားကိုယ်အမူအရာ အသေးစိတ်များရှိရင် အဲဒါတွေကိုလဲ ရှုရမယ်၊ အဲဒီမှာ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ စသည်ဖြင့် ပစ္စုပ္ပန်ကို ရှုရန် ပြထားတာကို အထူးသတိပြုကြရမယ်၊ အဘိဓမ္မာ ကျမ်းဂန်ထဲက ပြထားတဲ့ ရုပ်တွေကို ကျက်မှတ်ပြီး ကြံတွေးရုံမျှဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန်မဖြစ်ဘူး ဆိုတာလဲ သေသေချာချာ မှတ်ထားကြရမယ်။

နောက်ပြီးတော့ သမ္ပဇညပိုင်းအရအားဖြင့် သွားခြင်း၊ ပြန်ခြင်း ဟိုဟိုကြည့်ခြင်း ဟောင်းငုံ့ကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း စသော ကိုယ်အမူအရာများကိုလဲ ရှုရမယ်။

http://www.dhammadownload.com

ဝိပဿနာ ခဏိက သမာဓိ ရှင်းပြချက်

ဓာတုမနသိကာရပိုင်း အရအားဖြင့် ထင်ရှားပေါ်လာတဲ့ ဓာတ်ကြီးလေးပါးကိုလဲ ရှုရမယ် အဲ'ီလိုရှုလို့ နီဝရဏ ကင်းတဲ့အခါ ဥပစာရ သမာဓိဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်မှာ အထင်အရှား ပြဆိုထားတာကိုလဲ အထူးသတိပြုကြရမယ်၊ အဲဒါဟာ မည်သည့် အပ္ပနာသမာဓိ၏ အနီး၌မျှ ဖြစ်တာ မဟုတ်တဲ့အတွက် ဥပစာရသမာဓိ အစစ်မဟုတ်ကြောင်း၊ ဥပစာရ သမာဓိ အစစ် နှင့် နီဝရဏကင်းပုံချင်း စိတ်တည်ကြည်ပုံချင်း တူညီတဲ့အတွက် သဒိသူပစာအားဖြင့် ဥပစာရ သမာဓိခေါ်တဲ့အကြောင်း ဝိသုဒ္ဓိမဂ် မဟာဋီကာ (ပ-၄၃၆) မှာပြဆိုထားတယ်။ အဲဒါကို ဝိပဿနာအနေနဲ့ဆိုရင် ဝိပဿနာ ခဏိကသမာဓိလို့ ခေါ်ရမှာပဲ၊ ဒါကြောင့် ဘုန်းကြီးက ဝိပဿနာ ခဏိကသမာဓိလို့လဲ ဖော်ပြနေပါတယ်၊ အဲဒါ ကို တချို့က သဘောမပေါက်တဲ့အတွက် ခဏိက သမာဓိဖြင့် ဝိပဿနာမဖြစ်နိုင်ကြောင်း အကယ်၍ ဖြစ်နိုင်ပါလျှင် စာသင်သာတွေမှာ ဝိပဿနာဉာဏ်တွေ ဖြစ်နိုင် ဖွယ်ရှိကြောင်း

http://www.dhammadownload.com

အပြစ်ပြပြီး ပြောဆိုနေတယ်၊ စာသင်သားတွေ၏ သမာဓိဟာ နိဗ္ဗာန်ကောင်းလောက်အောင် အားရှိယင် မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်နှင့်အညီ ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်နေတာလဲ ဟုတ်ယင် ဝိပဿနာဉာဏ် ဖြစ်နိုင်ပါတယ်လို့ပဲ ဘုန်းကြီးတို့က လက်ခံနိုင်ပါတယ်၊ ဒါပေမဲ့ ကျက်မှတ်လေ့လာထားတဲ့ သရုပ်သဘောတွေကို ရွတ်ဆို ဆင်ခြင်နေတဲ့ သမာဓိမျှဖြင့် နိဗ္ဗာန်လဲ မကောင်းကြောင်း ဖြစ်ဆဲ ရုပ်နာမ်ကို ရှုနေတာလဲ မဟုတ်ကြောင်း ထင်ရှားနေပါတယ်၊ ဒါကြောင့် အဲဒီလို အပြစ်ပြပြီး ပြောနေတဲ့ပုဂ္ဂိုလ်ဟာ ဝိပဿနာ လုပ်ငန်းအစစ်ကို နားမလည်လို့ ပြောနေတာပါပဲ၊ ဝိသုဒ္ဓိမဂ် (ပ၊၂၈၁) မှာ ဝိပဿနာခဏိကသမာဓိကို ခဏိက စိတ္တေကဂ္ဂတာ လို့ ပြဆိုထားပါတယ်၊ ယင်း၏ အဖွင့်ဋီကာ၌ ခဏမတ္တဋ္ဌိတိကော သမာဓိ စသည် ဖြင့်ပြထားပါတယ်၊ အဲဒီ အဋ္ဌကထာ ဋီကာများကိုလဲ အမှီပြုပြီးတော့ ဘုန်းကြီးက သဒ္ဓိသူပစာ ဥပစာရ သမာဓိကို ဝိပဿနာ ခဏိကသမာဓိလို့ မှည့်အမည်ဖြင့် ပြဆိုထားခြင်းဖြစ်ပါတယ်၊ အဲဒီအချက်တွေကို သဘောပေါက်

http://www.dhammadownload.com

ယင်တော့ ရှင်းနေမှာပါပဲ။

ယခုပြောခဲ့တဲ့အတိုင်း ဣရိယာ ပထပိုင်း သမ္ပဇညပိုင်း ဓာတုမနသိကာရပိုင်း တို့ အလို အားဖြင့် ဖြစ်ဆဲ ရုပ်အပေါင်းကို ရှုနေယင် ဝိပဿနာခဏိကသမာဓိလို့ ခေါ်ထိုက်တဲ့ ဥပစာ ရ သမာဓိလဲ ဖြစ်ပါတယ်၊ အဲဒီ သမာဓိနှင့် တပေါင်းတည်း ဝိပဿနာ သမ္မာဒိဋ္ဌိခေါ်တဲ့ ဝိပဿနာဉာဏ်လဲ ဖြစ်ပါတယ်၊ အဲဒါတွေဟာ ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုတဲ့ သမ္မာ သတိ မဂ္ဂင်နဲ့ သမ္မာဓိမဂ္ဂင် သမ္မာဒိဋ္ဌိ မဂ္ဂင်တွေ ပဲ၊ အဲဒီစကားထဲမှာ "ဓာတုမနသိကာရပိုင်း အလိုအားဖြင့် ရှု၍ဥပစာရ သမာဓိဖြစ်တယ်" ဆိုတာကတော့ ဝိသုဒ္ဓိမဂ်မှာည စတုဓာတု ဝဝတ္ထာန်ဆိုတဲ့ အမည်နဲ့ ပြထားတဲ့ ကမ္မဋ္ဌာန်း ဖြစ်တဲ့အတွက် ဘာမျှ သံသယဖြစ်ဖွယ် မရှိ ပါဘူး၊ နောက်ပြီးတော့ ဣရိယာပထပိုင်း သမ္ပ ဇညပိုင်းတို့ အလိုအားဖြင့် ရှု၍ ဥပစာရ သမာဓိ ဖြစ်တယ် ဆိုတာကိုလဲ သတိပဋ္ဌာနသုတ် အဖွင့် အဋ္ဌကထာမှာ အဲဒါတွေကို ဥပစာရ ကမ္မဋ္ဌာန်း ဖြစ်ကြောင်း အထင်အရှား ပြဆိုထားတဲ့

http://www.dhammadownload.com

အတွက် ဘာမျှ သံသယ ဖြစ်ဖွယ် မရှိပါဘူး။

နောက်ပြီးတော့ ဝေဒနာနုပဿနာပိုင်းစသည်တို့ အလိုအားဖြင့် ဖြစ်ဆဲ ဝေဒနာများ စိတ်နှင့် သဘောတရားများကို ရှုလျက်လဲ ဥပစာရသမာဓိ နှင့် ဝိပဿနာဉာဏ်များ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိအခန်း အစနား၌ ဝိပဿနာ သက်သက်ကစပြီး ရှုတဲ့ ပုဂ္ဂိုလ်မှာ ဓာတ်လေးပါးရှုပုံကို ပြပြီးတော့ ဓာတ် ၁၈–ပါးရှုပုံ၊ အာယတန ၁၂–ပါးရှုပုံ၊ ခန္ဓာငါးပါးရှုပုံ၊ ရုပ်နာမ် ၂–ပါးရှုပုံများကိုလဲ ပြထားပါတယ်၊ အဲဒါဟာ မဟာသတိပဋ္ဌာန သုတ်စသော ဘုရားဟော ဒေသနာတော်များ နှင့်အညီ ပြဆိုထားခြင်းပင်ဖြစ်ပါတယ်။

ယခုပြဆိုခဲ့တဲ့ စကားများဖြင့် ဘုရားဟော သုတ္တန်ဒေသနာတော် များနှင့်အညီ သမ္မာသတိ မဂ္ဂင်ဖြစ်အောင် ပွားစေပုံကို နားလည်လောက်ပါပြီ၊ အဲဒီလို နားလည်ရင်တော့ ဖြစ်ဆဲကာယ ဝေဒနာ စိတ်သဘောတရားများကို မရှုပဲ ကျမ်းဂန်များက ပြဆိုထားတာ ကျက်မှတ်ပြီး စဉ်းစားဆင်ခြင်လျက် ရှုနေခြင်းဖြင့် သမ္မာသတိ

http://www.dhammadownload.com

မဂ္ဂင်အစစ်ဖြစ် မဖြစ်ကိုလဲ ဆုံးဖြတ်နိုင်မှာပါပဲ၊ သမ္မာသတိ မဂ္ဂင်အစစ် မဖြစ်ယင် ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင် အစစ်လဲမဖြစ်ဘူး ဆိုတာ ထင်ရှားနေပါတယ်၊ အဲဒါ သာပြီးခိုင်မြဲအောင် မဟာသတိပဋ္ဌာနသုတ် အဖွင့် အဋ္ဌကထာ စကားတပိုဒ်ကိုလဲ ထုတ်ပြပါဦးမယ်။

ဖြစ်ဆဲရုပ်နာမ်ကို ရှုမှ ဉာဏ်ပညာအစစ်ဖြစ်သည်

ယသ္မာ ပန ကာယ-ဝေဒနာ စိတ္တ × ဓမ္မေသု ကဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ၊ တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောက ပရိဒေဝေ သမတိက္ကန္တာတိ ဝေဒိတဗ္ဗယ။

(သုတ်မဟာဝါအဋ္ဌကထာ-၃၃၉)

ကာယဝေဒနာ စိတ္တ-ဓမ္မေသု(တကယ် ဖြစ်ပေါ်နေဆဲ) ကာယ ဝေဒနာ စိတ် သဘော တရားတို့တွင် ကဉ္စိဓမ္မံ-တစုံတခုသော တရားကိုမျှ၊ အနာမသိတွာ-မသုံးသပ် မရှုမမှတ်မူ၍ ဘာဝနာ နာမ-ဝိပဿနာပညာ အရိယမဂ် ပညာကို ပွားစေခြင်းမည်သည်၊ ယသ္မာ-အကြင့်

http://www.dhammadownload.com

ကြောင့်၊ နတ္ထိ-မရှိပေ၊ တသ္မာ-ထို့ကြောင့်၊ တေပိ-(တရားနာယင်း အရိယမဂ်ဖိုလ် တရားထူးကို ရသွားကြသည်ဟု ဆိုသော) ထိုသန္တတိအမတ်ကြီးနှင့် ပဋာစာရာထေရီမတို့သည်လည်း ဣမိနာဝေမဂ္ဂေန-ဤသတိပဋ္ဌာန် လေးပါး ဟူသော အကျင့်လမ်းဖြင့် သာလျှင် သောကပရိဒေဝ သမတိက္ကန္တာတိ-စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်းတို့ကို ကျော်လွန် သွားကြသည်ဟူ၍ ဝေဒိတဗ္ဗာ-သိအပ် သိထိုက်ကုန်၏-တဲ့။

သတိပဋ္ဌာန်မပါလျှင်မည်သည်မဖြစ်

ဒီအဋ္ဌကထာ အဆိုကတော့ အလွန်ပဲ ပြတ်သားရှင်းလင်းပါတယ်၊ တရားနာနေယင်း အရိယမဂ်ဖိုလ်တရားထူးကို ရသွားကြတယ် ဆိုတာလဲ ဒီ သတိပဋ္ဌာန် လမ်းဖြင့်သာလျှင် ဖြစ်ဆဲ ကိုယ်ရုပ်ဖြစ်စေ၊ ဝေဒနာဖြစ်စေ၊ စိတ်ဖြစ်စေ၊ သဘောတရားဖြစ်စေ တပါးပါးကို ရှုသိပြီး တရားထူးကို ရသွားကြတာပါ၊ နာကြားရုံမျှနဲ့ မဟုတ်ပါဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ သတိပဋ္ဌာန်၏ အာရုံ ရှုကွက်ဖြစ်တဲ့ ကာယဝေဒနာ စိတ် သဘောတရားဆိုတဲ့ ဒီလေးခုထဲက တခု

http://www.dhammadownload.com

ခုကိုမျှ မရှုပဲ ဝိပဿနာပညာလဲ ဖြစ်ရိုးမရှိ အရိယမဂ်ပညာလဲ ဖြစ်ရိုးမရှိ၊ ဒါကြောင့်ပါပဲ တဲ့။

ဒါကြောင့် ကိုယ်ထဲမှာ တကယ်ဖြစ်ပေါ်နေဆဲ ရုပ်နာမ်ကို မရှုပါပဲ ကျက်မှတ် လေ့လာပြီးတော့ သရုပ်ခွဲ ဆင်ခြင်ရုံမျှဖြင့် ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ် ဆိုတဲ့ သမ္မာဒိဋ္ဌိ မဂ္ဂင်အစစ် မဖြစ်ဘူးဆိုတာ အလွန်ရှင်းလင်းနေပါတယ်။

ဒီနေရာမှာ သမ္မာသတိ–မှန်စွာ အမှတ်ရခြင်းလို့ ဆိုပေမဲ့ အမှတ်ရရုံနဲ့တော့ ကိစ္စမပြီးဘူး၊ အမှတ်ရပြီး အမှန်အတိုင်းသိမှ ကိစ္စပြီးတယ်၊ ဒါကြောင့် ခုတင်က ရွတ်ပြခဲ့တဲ့ သတိပဋ္ဌာန်ဥဒ္ဒေသ စကားထဲမှာ (သမ္ပဇာနော သတိမာ)လို့ ဆိုထားတယ်၊ အကျယ်ဖွင့်ပြရာကျတော့ ပဇာနာတိ–အပြားအားဖြင့် သိသည် လို့လဲ ပြတယ်၊ သမုဒယဓမ္မာနုပဿီစသည်ဖြင့် အဖြစ်အပျက် ဖြစ်ကြောင်း ပျက်ကြောင်းကို ရှုမြင်သည်လို့လဲ ပြထားတယ်၊ ဒါကြောင့် ဘုန်းကြီးက ဆောင်ပုဒ်တွေကို ဒီလိုစီထားတယ်။ "သတိ

http://www.dhammadownload.com

မဂ္ဂင်၊ ဖြစ်စေချင်၊ ရှုမြင်သိရမည်၊ ကိုယ်အမူ အရာ၊ ဖြစ်တိုင်းမှာ မှန်စွာသိရမည်။ စိတ်အမူ အရာဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။ ကောင်း ဆိုး လတ်ပါ၊ ဝေဒနာ၊ ပေါ်တာသိရမည်။ သဘောတရား၊ ထင်ပေါ်ကြွား၊ ပိုင်းခြားသိရ မည်" တဲ့။ အဲဒါတွေကို ဆိုကြရမယ်။

သတ်မဂ္ဂင်၊ဖြစ်စေချင်၊ရှုမြင်သိရမည်။

(၁) ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်။

(၂) စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်။

(၃) ကောင်း,ဆိုး,လတ်ပါ၊ ဝေဒနာ၊ ပေါ် တာသိရမည်။

(၄) သဘောတရား ထင်ပေါ်ကြွား၊ ပိုင်း -ခြားသိရမည်။

(အဲဒီမှာ ကောင်း ဆိုး လတ်ပါ– ဆိုတာက အကောင်း အဆိုး အလတ်စားဆိုတဲ့ ဝေဒနာ သုံးပါးကို ထင်ရှားပေါ်ရာ ပေါ်ရာ ရှုရ သိရမယ် လို့ ဆိုလိုပါတယ်။)

http://www.dhammadownload.com

သမ္မာသတိမဂ္ဂင်က အရေးကြီးလို့ အများနားလည်လောက်အောင် ချဲ့ပြောနေရတာနဲ့ တော်တော် အချိန်ကုန်သွားတယ်၊ ယခု သမ္မာသမာဓိမဂ္ဂင်ကို ပြောရမယ်၊ အဲဒီ သမ္မာ သမာဓိမဂ္ဂင်အတွက် မြတ်စွာဘုရား ဖွင့်ပြထားတာတွေကို အကုန် ရွတ်ဆို ပြောနေရင် ကျယ်လဲ ကျယ်သွားမယ်၊ သုတနည်းတဲ့သူတွေ နားမလည်ပဲလဲ ဖြစ်သွားမယ်၊ ဒါကြောင့် ဘုရားစကားတော်တွေကို လိုရင်းလောက် ထုတ်ဖော်ပြောရမှာပဲ။

သမ္မာသမာဓိမဂ္ဂင်

ဘိက္ခဝေ–ရဟန်းတို့၊ သမ္မာသမာဓိ– မှန်စွာရှုးစိုက်တည်ကြည်ခြင်းသည်၊ ကတမာ စ–အဘယ်ပါနည်း၊ ဣဓ ဘိက္ခု– ဤသာသနာတော်က ရဟန်းသည်၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ–လိုချင်မှုတို့မှ ကင်းဆိတ်သည့်ပြင် အခြားအကုသိုလ် တရားတို့မှလဲ ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ သဝိစာရံ ကြံမှု ဆင်ခြင်မှုနှင့်တကွဖြစ်သော၊ ဝိဝေကဇံ၊ ပီတိသုခံ–(နီဝရဏ) အကုသိုလ်စိတ်ကူး ကူးကင်းဆိတ်လို့ဖြစ်သည့် ပီတိသုခလဲ ရှိသော

http://www.dhammadownload.com

ပဥ္စမံ ဈာနံ- ပဉ္စမဈာန်သို့၊ ဥပသမ္ပဇ္ဇဝိဟရတိ- ရောက်၍နေ၏၊ စသည်ဖြင့် ဈာန်လေးပါး သမာဓိကို သမ္မာသမာဓိမဂ္ဂင်လို့ ခေါ်အပ် ကြောင်း ဖွင့်ပြတော်မူပါတယ်။

ဈာန်ဆိုတာ တခြားတပါး အာရုံဆီကို စိတ် မသွားတော့ပဲ သူ့အာရုံမှာသာ စူးစိုက် သက်ဝင်ပြီး တည်ငြိမ်နေတဲ့ သဘောပါပဲ၊ အဲဒီ ဈာန်က သုတ္တန်နည်းအရ လေးမျိုးရှိတယ်၊ (၁)အာရုံပေါ်အောင် ကြံတဲ့ဝိတက်၊ ပေါ်လာတဲ့ အာရုံကို အဖန်ဖန် သုံးသပ်ဆင်ခြင်တဲ့-ဝိစာရ နှင့်၊ နှစ်သိမ့်ဝမ်းမြောက်တဲ့ ပီတိ၊ စိတ်ရွှင်လန်း ချမ်းသာတဲ့-သုခ၊ စူးစိုက်တည်ငြိမ်တဲ့ဧကဂ္ဂ တာ ခေါ် သမာဓိဆိုတဲ့ ဒီဈာန်အင်္ဂါငါးပါး အပေါင်းကို ပဌမဈာန်ခေါ်တယ်။ (၂)ဝိတက် ဝိစာရကင်းပြီး ပီတိ, သုခ, တကဂ္ဂတာဆိုတဲ့ ဒီဈာန်အင်္ဂါသုံးပါးအပေါင်းကို ဒုတိယဈာန် ခေါ်တယ်၊ (၃)ပီတိမပါပဲ သုခ, ဧကဂ္ဂတာဆို တဲ့ ဒီဈာန်အင်္ဂါ ၂-ပါးအပေါင်းကို တတိယ ဈာန်ခေါ်တယ်၊ (၄)သုခမပါပဲ၊ ဥပေက္ခာနဲ့ ဧကဂ္ဂတာဆိုတဲ့ ဒီဈာန်အင်္ဂါ ၂-ပါးအပေါင်း

http://www.dhammadownload.com

ကို စတုတ္ထဈာန်ခေါ်တယ်။

ဒီဈာန်လေးပါးက ရူပါဝစရ အရူပါဝစရ ခေါ်တဲ့ လောကီဈာန်လဲ ရှိတယ်၊ အရိယမဂ် စိတ်နဲ့ယှဉ်တဲ့ လောကုတ္တရာဈာန်လဲရှိတယ်၊ အဲဒီ လောကီ လောကုတ္တရာ ၂-မျိုးထဲမှာ လောကုတ္တရာဈာန်သမာဓိကတော့ အရိယသမ္မာသမာဓိ မဂ္ဂင်အစစ်ပဲ၊ လောကီဈာန်သမာဓိကတော့ ဝိပဿနာ၏ အခြေခံဖြစ်ရင် သမ္မာသမာဓိမဂ္ဂင် စာရင်းဝင်တယ်။

ဈာန်မရပဲ ဝိပဿနာ မရှုကောင်းဘူးတဲ့

ဒီဖွင့်ပြပုံကို အကြောင်းပြပြီးတော့ တချို့က "ဈာန်သမာဓိကို ရမှ စိတ္တဝိသုဒ္ဓိ ပြည့်စုံပြီးတော့ ဝိပဿနာရှုကောင်းတယ်၊ ဈာန်သမာဓိကို မရရင် စိတ္တဝိသုဒ္ဓိ မပြည့်စုံတဲ့အတွက် ဝိပဿနာရှုလို့ မဖြစ်နိုင်ဘူး" လို့ ဒီလိုပြောဆိုနေကြတာလဲ အနည်းငယ်ရှိတယ်၊ ဒါကတော့ တဖက်သတ်ကျလွန်းတဲ့ အယူအစွဲပါပဲ၊ ဈာန်၏ အနီးကပ်ဖြစ်တဲ့ ဥပစာရ သမာဓိလောက်ရယင် နီဝရဏ ကိလေသာတွေ ကင်းနေတဲ့အတွက် အဲဒီ ဥပစာရ သမာဓိဖြင့်လဲ စိတ္တဝိသုဒ္ဓိ ပြည့်စုံ

http://www.dhammadownload.com

ပြီး ဝိပဿနာ ရှုကောင်းကြောင်း၊ ထိုသို့ရှုခြင်း ဖြင့် အရဟတ္တဖိုလ်အထိ ရောက်နိုင် ရနိုင် ကြောင်း၊ ရောက်ဘူး ရဘူးသူတွေလဲ များစွာ ရှိကြောင်း ဝိသုဒ္ဓိမဂ်ကျမ်း စသည်မှာ အထင် အရှား ပြဆိုထားချက်တွေ ရှိနေပါတယ်၊ ဘုရား ဟော သုတ္တန်ပါဠိတော်များမှာလဲ "ဥပမာရ သမာဓိလောက်သာ ရနိုင်တဲ့ ဣရိယာပထပိုင်း ရှုနည်း စသည်ဖြင့်ပင် အရဟတ္တမဂ်ဖိုလ်အထိ ရောက်နိုင်ကြောင်း (မဟာသတိပဋ္ဌာနသုတ် စ သည်မှာ) အထင်အရှားဟောတော်မူခဲ့ပါတယ်။ အင်္ဂုတ္တရပါဠိ (၃၊၂၇၅) အနုဿတိဋ္ဌာနသုတ်၌ ဘုရားဂုဏ် စသည်ကို ရှုဆင်ခြင်၍ဖြစ်သော သမာဓိအခြေခံဖြင့်ပင် (ဧဝမိဓေကစ္စာ သတ္တာ ဝိသုဇ္ဈန္တိ) ဟုရဟန္တာအထိ ဖြစ်နိုင်ကြောင်း ဟောတော်မူပါတယ်၊ သမ္ဗောဇ္ဈင်္ဂပိုင်းအဖွင့် အဋ္ဌ ကထာကို၌လဲ ဘုရားဂုဏ် သံဃာ့ဂုဏ်လျှင် အာရုံရှိတဲ့ ပီတိကို ဖြစ်စေပြီးလျှင် ယင်းပီတိ ကိုပင် ကုန်သွားသည် ပျက်သွားသည်ဟု သုံး သပ်လျက်အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြောင်း အတိအကျပြဆိုထားပါတယ်။

http://www.dhammadownload.com

နောက်ပြီးတော့ မြတ်စွာဘုရားဟောတဲ့ တရားကိုနာနေယင်း သိန်းသန်းကုဋေများစွာ မဂ်ဖိုလ် တရားကို ရကြတယ်ဆိုရာမှာ ဈာန်ရတဲ့ပုဂ္ဂိုလ်တွေချည်း မဖြစ်နိုင်ပါဘူး၊ အများအားဖြင့် ဈာန်မရတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ဘွယ်ရှိပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေမှာ စိတ္တဝိသုဒ္ဓိပြည့်စုံပုံကို (ကလ္လစိတ္တော မုဒုစိတ္တော ဝိနီဝရဏစိတ္တော ဥဒဂ္ဂစိတ္တော ပသန္နစိတ္တော) ခံ့ကျန်းနူးညံ့ နီဝရဏကင်းလျက် တက်ကြွကြည်လင်တဲ့ စိတ်ရှိကြကြောင်းဖြင့် ပြပြီးတော့ အဲဒီအခါ မြတ်စွာဘုရားက သာမုက္ကံသိက–ကိုယ်တိုင် ထုတ်ပြသင့်တဲ့ စတုသစ္စကထာကို ဟောတော်မူသဖြင့် ယင်းပုဂ္ဂိုလ်တို့ တရားထူးရသွားကြကြောင်းကို အထင်အရှား ပြဆိုထားပါတယ်။

ဒါကြောင့် သမ္မာသမာဓိကို ဇျာန်လေးပါးဖြင့် ဝေဘန်ပြတော်မူတာကို ဥက္ကဋ္ဌနည်းဖြင့် ပြတော်မူခြင်းဖြစ်တယ်လို့ ယူပြီးတော့ ဩမကနည်းအားဖြင့် အခြားပါဠိအဋ္ဌကထာတို့၌ ပြတဲ့ ဥပစာရသမာဓိကိုလဲ စိတ္တဝိသုဒ္ဓိကို ပြီးစေတဲ့ သမ္မာသမာဓိမဂ္ဂင်ပင် ဖြစ်တယ်လို့သာ ယူသင့်

http://www.dhammadownload.com

ပါတယ်၊ အဲဒီ ဥပစာရစျာန်ဟာလဲ နီဝရဏ တွေကို ကင်းစေခြင်းအားဖြင့် ပဌမစျာန်နှင့်တူ ပါတယ်၊ ဝိတက်, ဝိစာရ ပီတိသုခ ဧကဂ္ဂတာ ဆိုတဲ့ စျာန်အင်္ဂါငါးပါးရှိခြင်း အားဖြင့်လဲ တူပါ တယ်၊ ဒါကြောင့် ဥပစာရ သမာဓိ အစစ် အတု ၂-ပါးလုံးကိုပင် ပဌမစျာန်ထဲ၌ ဩမက နည်း ဖြင့် မြတ်စွာဘုရားက ထည့်သွင်း၍ ဟောတော် မူခဲ့တယ်လို့ ယူရပါတယ်။

စျာန်ဆိုတာ အာရုံကို ရှုးရှုးစိုက်စိုက် ကပ် ၍ရှုတဲ့သဘောပဲ၊ ထွက်သက် ဝင်သက် အစရှိ တဲ့ သမထ နိမိတ်အာရုံကို ရှုးစိုက်ပြီးရှုတာက သမထစျာန်ပဲ၊ ရုပ်နာမ်တို့၏သဘောလက္ခဏာ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို ရှုပြီးသိတာ က ဝိပဿနာစျာန်ပဲ၊ အဲဒါကို တိုတိုနဲ့မှတ်ရ အောင် ဆောင်ပုဒ်များ စီထားတယ်။ "ရှုးစိုက် မှု၊ ကပ်၍ရှု၊ စျာန်ဟုခေါ်ပေါ်သည်။ သမထ စျာန်၊ ဝိပဿ်စျာန်၊ နှစ်တန်ကွဲပြားသည်၊ တည် ငြိမ်ရုံမျှ၊ ရှုနေက၊ သမထစျာန်ခေါ်သည်၊ လက္ခ ဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿ်စျာန်ခေါ်သည်။ ခဏိက, ဥပစာ၊ အပ္ပနာ၊သုံးဖြာသမာဓိ ကွဲပြား

http://www.dhammadownload.com

သည်"တဲ့။ အဲဒါတွေကို ဆိုကြရမယ်။

(၁) စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ် ဝေါ်သည်။

(၂) သမထဈာန်၊ ဝိပဿနာဈာန်၊ နှစ်တန် ကွဲပြားသည်။

(၃) တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန် ခေါ်သည်။

(၄) လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿနာ ဈာန်ခေါ်သည်။

(၅) ခဏိက ဥပစာ၊ အပ္ပနာ၊ သုံးဖြာ သမာဓိ ကွဲပြားသည်။

နောက်ဆုံးဆောင်ပုဒ်အရ သမာဓိသုံးပါး ထဲက ခဏိကသမာဓိဆိုတာ သမထကမ္မဋ္ဌာန်း အာရုံကို ရှုခါစဥ္ ဥပစာရ သမာဓိ မဖြစ်သေးမီ က အတော်အတန် စိတ်တည်ငြိမ်တဲ့ သမာဓိ နဲ့ ဝိပဿနာသမာဓိကို ဆိုတာပါပဲ၊ အဲဒီ ၂-ပါးထဲ မှာလဲ ဝိပဿနာသမာဓိကတော့ နီဝရဏ ကိလေသာတွေကို ကင်းငြိမ်းစေခြင်းဖြင့် ဥပစာ ရ သမာဓိနှင့် လက္ခဏာ တူတဲ့အတွက် အဲဒါကို ဥပစာရ သမာဓိလို့လဲ ခေါ်ပါတယ်၊ အဲဒီ အ

http://www.dhammadownload.com

ကြောင်းကို ခုတင်က (နှာ ၁၆၆-မှာ) ပြောခဲ့ပြီး ပါပြီ။ အဲဒီ ဝိပဿနာ ခဏိက သမာဓိဟာ အထူး အားကောင်းတဲ့အခါ အပ္ပနာသမာဓိလို ပင် စိတ်ကို ကောင်းကောင်းကြီး တည်ငြိမ် အောင် ထားနိုင်ကြောင်း သတိပဋ္ဌာန် ယောဂီ တွေမှာ ကိုယ်တွေ့အားဖြင့်ပင် ထင်ရှားနေပါ တယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်် မဟာဋီကာ (ပဌမ တွဲ နှာ ၃၄၂) ၌ "ခဏိကစိတ္တေကဂ္ဂတာ- ဟူသည်မှာ ဖြစ်ခိုက် ဖြစ်ခိုက် ခဏမျှ တည် သော (ဝိပဿနာ) သမာဓိပဲ၊ မှန်ပေ၏ ယင်း ဝိပဿနာ ခဏိကသမာဓိသည် ရှုသိအပ်သော ရုပ်နာမ် အာရုံ၌ အပြတ် အခြားမရှိပဲ တမျိုး တည်းသော တည်ကြည်ပုံ အခြင်းအရာအား ဖြင့် တစပ်တည်းဖြစ်နေလျှင် ဆန့်ကျင်ဘက် ကိလေသာက မလွှမ်းမိုးနိုင်သည်ဖြစ်၍ အပ္ပနာ ချာန်ရောက်နေ သကဲ့သို့ စိတ်ကို မလှုပ်ရှား အောင်ထားနိုင်ပေ၏" လို့ ပြဆိုထားပါတယ်။

ဒါကြောင့် မဂ်ရောက် ဖိုလ်ရောက် ဝိပဿ နာဘာဝနာ အလုပ်ကို အားထုတ်လိုတဲ့ ပုဂ္ဂိုလ် ဟာ စွမ်းနိုင်ပါမူ ဈာန်လေးပါးထဲက တစ်ပါး

http://www.dhammadownload.com

ဖြစ်စေ၊ ၂-ပါးဖြစ်စေ၊ ၃-ပါး၊ ၄-ပါးလုံးဖြစ်စေ ရအောင် အားထုတ်ရမယ်၊ ရပြီးတော့ နိုင်နင်းအောင်လဲ လေ့လာရမယ်။ ဈာန်ရအောင် အားမထုတ်နိုင်ရင် ဈာန်၏အနီး ဥပစာရ သမာဓိရအောင် အားထုတ်ရမယ်၊ မဟာဘုတ်လေးပါး အစရှိတဲ့ ရုပ်နာမ်ကစပြီး ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ဥပစာရ သမာဓိလိုပင် နီဝရဏာတွေကို ငြိမ်းစေနိုင်တဲ့ ဝိပဿနာ ခဏိကသမာဓိ ပြည့်စုံစေရမယ်၊ အဲဒီ ခဏိကသမာဓိ ကောင်းကောင်းပြည့်စုံတဲ့အခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း၊ ရုပ်နာမ် ၂-ပါးကို ခွဲခြားပြီးသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်မှစပြီး ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းဖြစ်ပေါ်လာပါလိမ့်မယ်၊ ဒါကြောင့် အဲဒီဝိပဿနာ ခဏိကသမာဓိနှင့် ဥပစာရ သမာဓိတို့ကိုလဲ သမ္မာသမာဓိမဂ္ဂင်လို့ မှတ်ကြရမယ်။

သမာဓိမဂ္ဂင်အကြောင်းကတော့ တော်တော်ပြည့်စုံသွားပါပြီ၊ ယခု ပညာမဂ္ဂင်ကို ဖွင့်ပြဟောကြားမယ်။

http://www.dhammadownload.com

သမ္မာဒိဋ္ဌိမဂ္ဂင်

ဘိက္ခဝေ-ရဟန်းတို့၊ သမ္မာဒိဋ္ဌိ-မှန်စွာ မြင်ခြင်းသည် ကတမာ စ-အဘယ်ပါနည်း။ ဘိက္ခဝေ-ရဟန်းတို့၊ ဒုက္ခေ၊ ဒုက္ခသစ္စာ၌၊ ဝါ-ဆင်းရဲတရား၌၊ ယံ ခေါ ဉာဏံ-အကြင် အသိဉာဏ်သည်လည်းကောင်း၊ ဒုက္ခသမုဒယေ-သမုဒယသစ္စာ၌၊ ဝါ-ဆင်းရဲဖြစ်ပွားကြောင်းတရား၌ ယံ ခေါ ဉာဏံ- အကြင်အသိဉာဏ်သည် လည်းကောင်း၊ ဒုက္ခနိရောဓေ- နိရောဓသစ္စာ၌၊ ဝါ-ဆင်းရဲ ချုပ်ရာ၊ ဆင်းရဲချုပ်ခြင်းသဘော၌၊ ယံ-ခေါ ဉာဏံ-အကြင် အသိဉာဏ်သည် လည်းကောင်း၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ- မဂ္ဂသစ္စာ၌၊ ဝါ-ဆင်းရဲချုပ်ရာ၊ ချုပ်ခြင်းသဘောသို့ ဆိုက်ရောက် သိမြင်သော အကျင့်လမ်း၌၊ ယံ ခေါဉာဏံ-အကြင်အသိဉာဏ်သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ အယံ-ဤအသိဉာဏ်ကို၊ သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်းဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်၏-တဲ့။

အဲဒါဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ကို အကျယ်ဖွင့်ပြတဲ့ မြတ်စွာဘုရား စကားတော်ပါပဲ၊ ဆင်း ချုပ်

http://www.dhammadownload.com

အားဖြင့် ပြောရယင် သစ္စာလေးပါးကို အမှန်အတိုင်းသိတာဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ပါပါပဲ၊ ဒီသမ္မာဒိဋ္ဌိ မဂ္ဂင်ကို ဘယ်လို ပွားစေရမည်လဲဆိုရင်၊ ခုတင်က ပြောခဲ့တဲ့ သမ္မာသတိနှင့် သမ္မာသမာဓိမဂ္ဂင် ပွားစေပုံထဲမှာ ပြခဲ့တဲ့အတိုင်း ပွားစေရတယ်၊ ဒါပေမဲ့ ပိုပြီး ရှင်းရှင်းလင်းလင်းသိနားလည်အောင် အသေးစိတ် ထပ်ပြီး ပြောဦးမယ်၊ ဒီသမ္မာဒိဋ္ဌိကို အသေးစိတ်အားဖြင့် —

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊

(၂) ဈာန သမ္မာဒိဋ္ဌိ၊

(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ၊

(၄) မဂ္ဂ သမ္မာဒိဋ္ဌိ၊

(၅) ဖလ သမ္မာဒိဋ္ဌိ၊ လို့ (၅)မျိုးခွဲပြထားတာလဲရှိတယ်၊ (အံ-ဋ္ဌ၊ပ-၃၆၉ နှင့် အံ-ဋ္ဌ၊၃-၆၃) အဲဒီ ငါးမျိုးထဲက ဈာနသမ္မာဒိဋ္ဌိကိုချန်၍ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ နှင့်တကွ (၅)မျိုးပြထားတာလဲရှိတယ်၊ (ဥပရိပဏ္ဏာသ-ဋ္ဌ၊၉၅) အဲဒီ သမ္မာဒိဋ္ဌိ (၆)မျိုးကို တပေါင်းတည်း ပြထားတာလဲရှိတယ် (အံ-ဋ္ဌ-တ၈၊၄၅) ။ အဲဒီသမ္မာဒိဋ္ဌိ (၆)မျိုး ခေါင်းစဉ်ကို လိုက်ဆိုကြရမယ်။

http://www.dhammadownload.com

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊
(၂) ဈာန သမ္မာဒိဋ္ဌိ၊
(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ၊
(၄) မဂ္ဂ သမ္မာဒိဋ္ဌိ၊
(၅) ဖလ သမ္မာဒိဋ္ဌိ၊
(၆) ပစ္စဝေက္ခဏာ သမ္မာ ဒိဋ္ဌိ။

အဲဒီ ၆-မျိုးထဲက ဖလသမ္မာဒိဋ္ဌိ ဆိုတာ ဖိုလ်လေးပါးနှင့် ယှဉ်တဲ့ဉာဏ်ပဲ၊ အဲဒါက အရိယမင်လေးပါး၏ အကျိုးပဲ၊ အရိယမင် လေးပါးကိုရရင် အဲဒီ ဖိုလ်ဖိုလ်ဉာဏ်လေးပါးကိုလဲ ရတော့တာပဲ၊ အဲဒီ ဖိုလ်ဉာဏ်အတွက် အထူးအားထုတ်ဖွယ် မရှိပါဘူး၊ နောက်ပြီးတော့ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဆိုတာကလဲ မင်ဖိုလ်ရပြီးရင် ပြန်လှည့်ပြီး ဆင်ခြင်လျက် အလိုလိုဖြစ်တော့တာပဲ အဲဒီ ဉာဏ်အတွက်လဲ အထူးအားထုတ်ဖွယ် မရှိပါဘူး၊ ရှေး သမ္မာဒိဋ္ဌိ လေးပါးကိုသာ အားထုတ်ဖို့ လိုပါတယ်၊ ဒါကြောင့် အဲဒီလေးပါးကိုသာ သိနားလည်လောက်အောင် ဖွင့်ပြဟောကြားရမယ်။

http://www.dhammadownload.com

ကမ္မဿကတာ သမ္မာဒိဋ္ဌိ

အဲဒီလေးမျိုးထဲက ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ ကံနှင့်ကံ၏ အကျိုးရှိတယ်လို့ ယုံကြည်ပြီး သိမြင်သဘောကျတဲ့ အယူအဆပါပဲ၊ ပြုလုပ်တဲ့ အမှုကို (ကမ္မ) ကံလို့ ခေါ်တယ်၊ အဲဒီ အမှုကံက ကောင်းကျိုး ဆိုးကျိုးကို ရစေတတ်တယ်၊ ပုံစံထုတ်ပြရရင် မသင့်မတော်တဲ့ အမှုကို ပြုမိတဲ့သူတွေမှာ မကောင်းကျိုး ဆိုးကျိုးတွေကို ခံစားကြရတတ်တယ်၊ ရာဇဝတ်ပြစ်မှုကို ကျူးလွန်မိတဲ့သူတွေမှာ ရာဇဝတ်ပြစ်ဒဏ်မကောင်းကျိုးကို ခံကြရတယ်၊ မသင့်တော်တာကို ပြုရင် အောက်ထစ်ဆုံး အကဲ့ရဲ့ခံကြရတတ်တယ်၊ သူတပါးကို ဆဲဆိုယင် အဲဒီလူ၏ အဆဲအဆိုကို ခံရတတ်တယ်၊ မလိုမုန်းထားတဲ့ အနေနဲ့ မျက်စောင်းထိုးကြည့်မိရင် အဲဒီလူ၏ မျက်စောင်းထိုးကြည့်တာကို ခံရတတ်တယ်၊ ပြုံးရွှင်တဲ့ မျက်နှာနဲ့ကြည့်ရင်တော့ အဲဒီလူကလဲ ပြုံးရွှင်တဲ့ မျက်နှာနဲ့ပဲ ကြည့်ပါလိမ့်မယ်၊ ချိုသာစွာ နှုတ်ဆက်မိရင် အဲဒီလူကလဲ ချိုသာပျူငှာပင် ပြန်၍ နှုတ်ဆက်ပါလိမ့်မယ်၊ ငယ်ရွယ်

http://www.dhammadownload.com

စဉ်က လိမ္မာစွာနေခဲ့ပြီး ပညာကို ကောင်းကောင်းသင်လာခဲ့ရင် အရွယ်ကြီးတဲ့အခါ ကြီးပွား ချမ်းသာတတ်တယ်၊ စီးပွားဖြစ်မည့်အလုပ်ကို လုပ်ရင် စီးပွားဥစ္စာပေါများ ပြည့်စုံတတ်တယ်၊ စီးပွားပျက်ကြောင်း လောင်းကစားမှု စသည်ကို လုပ်ရင် စီးပွားဥစ္စာပျက်စီးတတ်တယ်၊ အဲဒါတွေဟာ ယခုမျက်မှောက်မှာပင် တွေ့မြင်ရတဲ့ ကောင်းမှု မကောင်းမှု များ၏ ကောင်းကျိုးဆိုးကျိုးတွေပဲ။

သံသရာဘဝတွေမှာလဲ ဆို့အတူပင် ကောင်းမှု မကောင်းမှု ကံက ကောင်းကျိုး ဆိုးကျိုးကို ပေးတတ်တယ်၊ ရှေးရှေးဘဝတွေက မကောင်းမှုကံ ပြုလာခဲ့တဲ့သူတွေဟာ ယခုဘဝတွေမှာ မကောင်းကျိုးတွေကို ခံကြရတယ်၊ အသက်တိုခြင်း အနာများခြင်း၊ ရုပ်အဆင်းမလှခြင်း၊ ပစ္စည်းဥစ္စာ ရှားပါးခြင်း အမြွေအရံ နည်းပါးခြင်းစသော မကောင်းကျိုးတွေကို ခံစားနေကြရတယ်၊ ယခုဘဝမှာ သတ်ခြင်း ညှင်းဆဲခြင်း လုယက်ခိုးယူခြင်း၊ လိမ်ခြင်း အစရှိသော မကောင်းမှုကံပြုတဲ့သူတွေဟာ နောက် ဘဝတွေ

http://www.dhammadownload.com

မှာ ယုတ်ညံ့တဲ့ ဘုံဘဝတွေရောက်ပြီး အလားတူပင် မကောင်းကျိုးတွေကို ခံစားသွားရာကြရမယ်။

ရှေးရှေးဘဝတွေက ကောင်းမှုကံ ပြုလာခဲ့တဲ့သူတွေဟာ ယခုဘဝမှာ ကောင်းကျိုးတွေကို ရနေကြတယ်၊ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ရုပ်အဆင်းလှပခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်း၊ အခြွေအရံများခြင်း စသော ကောင်းကျိုးတွေကိုရပြီး ချမ်းသာနေကြတယ်၊ ယခုဘဝ၌ သတ်မှု ညှင်းဆဲမှု ခိုးမှု လိမ်မှု စသည်မှ ရှောင်ကြဉ်ခြင်း၊ ပေးလှူခြင်း စောင့်ရှောက်ကူညီခြင်း စသောကောင်းမှုကံ ပြုတဲ့သူတွေဟာ နောက်နောက်ဘဝတွေမှာ မြင့်မြတ်တဲ့ ဘုံဘဝတွေရောက်ပြီးတော့ အလားတူပင် ကောင်းကျိုးတွေကို ရပြီး ချမ်းသာသွားကြမယ်။

အဲဒီ ကောင်းမှုကံ မကောင်းမှုကံတို့၏ ကောင်းကျိုး ဆိုးကျိုးဟာ တကယ်ကို ရှိနေတာပဲ၊ အဲဒီလို ရှိနေတဲ့အတိုင်း ယုံကြည်ပြီး အမှန်အတိုင်း သိမြင်ယူဆတာဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိပဲ။ကမ္မ–ကံသာလျှင် + သက–ကိုယ်

http://www.dhammadownload.com

ပိုင်ဥစ္စာရှိသည်၏ + တာ-အဖြစ်ကို + သမ္မာ မှန်စွာ + ဒိဋ္ဌိ- သိမြင်ခြင်း-ယူခြင်း=ကမ္မဿကတာသမ္မာဒိဋ္ဌိ -ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကို မှန်စွာသိမြင်ယူဆခြင်းတဲ့။ ဒါပေမဲ့ ဒီအသိအမြင်ကတော့ ဝိပဿနာဉာဏ်လို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်တာတော့မဟုတ်ဘူး၊ သဒ္ဓါမူလိကာ-ယုံကြည်တဲ့ သဒ္ဓါလျှင် အရင်းခံရှိတယ်လို့ ဆိုတဲ့အတိုင်း ဆရာမိဘတို့၏ စကား၊ ကျမ်းဂန်စကားများနှင့် အသင့်ယုတ္တိများကို နှိုင်းချိန်ပြီးတော့ ယုံကြည်ပြီး မှန်စွာ သိမြင်သဘောကျ ယူဆခြင်းပါပဲ၊ အဲဒါဟာ သုစရိုက် (၁၀)ပါးထဲ ပါဝင်နေတဲ့ အတွက် သုစရိုက် သမ္မာဒိဋ္ဌိလို့လဲခေါ်ရတယ်။ ကံ နှင့် ကံ၏ အကျိုးရှိနေပါလျက် မရှိဘူးလို့ မှားယွင်းစွာ ထင်မြင်ယူဆတာကိုတော့ မိစ္ဆာဒိဋ္ဌိခေါ်ကယ်၊ အဲဒါဟာ ဒုစရိုက်(၁၀)ပါးထဲက ပါဝင်နေတဲ့အတွက် ဒုစရိုက်မိစ္ဆာဒိဋ္ဌိလို့လဲခေါ်ရတယ်၊ ဒီ ဒုစရိုက် မိစ္ဆာဒိဋ္ဌိအကြောင်းကို အကျယ်သိချင်ယင်တော့ သလ္လေခသုတ်တရားတော်စာအုပ် ဒုတိယတွဲမှာ ကြည့်ပါ။ ယခု ဒီမှာတော့ ဆောင်ပုဒ်လောက်ပဲ ဆိုကြရ

http://www.dhammadownload.com

မယ်။

(၁-က) ကံ နှင့် ကံ၏အကျိုး မရှိဟု အယူမှားတာက ဒုစရိုက် သမ္မာဒိဋ္ဌိ။

(၁-ခ) ကံ နှင့် ကံ ၏အကျိုးရှိသည်ဟု အယူမှန်တာက သုစရိုက် သမ္မာဒိဋ္ဌိ။

သုစရိုက် သမ္မာဒိဋ္ဌိလို့လဲ ခေါ်ရတဲ့ ဒီကမ္မဿကတာ သမ္မာဒိဋ္ဌိ-က ကုသိုလ်အားလုံးတို့၏ အခြေခံ အရင်းအမြစ်ဖြစ်တယ်၊ ဒီ သမ္မာဒိဋ္ဌိရှိပါမှ အကုသိုလ်ကိုလဲ ရှောင်ကြဉ်တယ်၊ ဒါန သီလ စသော သာမန်ကုသိုလ်တွေကိုလဲ ပြုနိုင်တယ်၊ သမထ ဝိပဿနာဆိုတဲ့ ဘာဝနာကုသိုလ်တွေကိုလဲ ပွားစေနိုင်တယ်၊ ဒါကြောင့် ဒီသမ္မာဒိဋ္ဌိနဲ့ သီလကို သမာဓိပညာ ကုသိုလ်တို့၏ အစပိုင်းအဖြစ်ဖြင့် ဒီလိုဟောထားပါတယ်။

ဘိက္ခု - ရဟန်း၊ တသ္မာ-တပါးတည်း ကမ္မဋ္ဌာန်းတရား အားထုတ်လိုပါသည်၊ အကျဉ်း

http://www.dhammadownload.com

အားဖြင့် ဟောကြားတော်မူပါဟု သင်က
တောင်းပန်သော ထိုအကြောင်းကြောင့်၊ တွံ-
သင် သည် ကုသလေသု ဓမ္မေသု-ကိုသလ်
တရားတို့၌၊ ဝါ-ကုသိုလ်တရားတို့တွင်၊ အာဒိ
မေဝ- အစပိုင်းကိုသာလျှင်၊ ဝိသောဓေဟိ-
သုတ်သင် စင်ကြယ်ပါစေဦးလော့။ ကုသလာနံ
ဓမ္မာနံ သမာဓိပညာ ကုသိုလ်တရားတို့၏၊
အာဒိ အစပိုင်းသည်၊ ကော စ-အဘယ်ပါနည်း၊
သုဝိသုဒ္ဓံ -ကောင်းစွာစင်ကြယ်သော၊ သီလဉ္စ-
သီလသည်ရင်း၊ ဥဇုကာ-ဖြောင့်မတ်သော၊ဒိဋ္ဌိစ
အယူအမြင်သည်ရင်း၊ အာဒိ-သမာဓိ ပညာ
ကုသိုလ် တရားတို့၏ အစပိုင်းပေတည်း၊
(ယတော ခေါ တေ ဘိက္ခု သီလဉ္စ သုဝိသုဒ္ဓံ
ဒိဋ္ဌိစ ဥဇုကာ၊ တတော တွံ ဘိက္ခု) ရဟန်း
သင်၏ သီလကောင်းစွာ စင်ကြယ်၍ အယူ
ဖြောင့်မတ်သော အခါ၌ သင်သည် (သီလံ
နိဿာယ သီလေ ပတိဋ္ဌာယ) သီလကိုမှီ၍
သီလ၌တည်၍ (စတ္တာရော သတိပဋ္ဌာနေ)
သတိပဋ္ဌာန်လေးပါးတို့ကို (တိဝိဓေန ဘာဝေ
ယျာသိ) အဇ္ဈတ္တ၌ ရှုခြင်း ဗဟိဒ္ဓ၌ ရှုခြင်း၊
အဇ္ဈတ္တ ဗဟိဒ္ဓ၌ရှုခြင်း ဟူသော သုံးပါး အပြား

http://www.dhammadownload.com

ဖြင့် ပွားလေလော့။ (မဟာဝဂ္ဂသံယုတ် ပါဠိ နှာ-၁၂၄)

ဒီဘုရား စကားတော်ဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် သီလမဂ္ဂင်တွေဟာ ဘာဝနာကုသိုလ်ကို မပွားများမီကပင် ပြည့်စုံစေရမည့် အစပိုင်းဖြစ်ကြောင်း အလွန်ပင် ထင်ရှားနေပါတယ်၊ နောက်ပြီးတော့ ဝိပဿနာဘာဝနာအတွက်ဆိုရင် စိတ္တဝိသုဒ္ဓိဆိုင်ရာ ဈာန်သမာဓိနှင့် ဥပစာရ သမာဓိတွေဟာလဲ အခြေခံ အစပိုင်းဖြစ်ကြောင်း၊ ထင်ရှားပါတယ်။ နောက်ပြီးတော့ အရိယမဂ္ဂင်ကို ဖြစ်စေလိုလျှင် ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်ကို ပွားစေရမယ် ဆိုတာလဲ ထင်ရှားပါတယ်၊ ဒါကြောင့် ဘုန်းကြီးက ပွားစေရမည့် မဂ္ဂင်တွေကို (၁)မူလအခြေခံမဂ္ဂင်၊ (၂)ပုဗ္ဗဘာဂ ဝိပဿနာမဂ္ဂင်၊ (၃)အရိယမဂ္ဂင်-လို့ ဒီလို သုံးဆင့်ခွဲခြားယားပါတယ်၊ အဲဒါကို "မူလ,ပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်။ ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင် နိဗ္ဗာန်ခေတ်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com

မူလ,ပုဗ္ဗ၊ အရိယ၊ သုံး၀ မဂ္ဂင်မြတ်။
ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေး၀င် နိဗ္ဗာန်ဓာတ်။

ပွါးစေရမည့် မဂ္ဂင်သုံးဆင့်

ဗုဒ္ဓသာသနာ၀င်ဖြစ်တဲ့ သူတော်ကောင်းတွေဟာ ကုသိုလ်ကောင်းမှုကို ပြုတိုင်း ပြုတိုင်း နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရပါလို၏, လျင်မြန်စွာ မျက်မှောက်ပြုရပါစေ–လို့ ဆုတောင်းလေ့ရှိကြပါတယ်၊ ဆုတောင်းရုံနဲ့တော့ ယခုချက်ခြင်း ရမှာ မဟုတ်ဘူး၊ အဲဒီ ကောင်းမှုကပို့ဆောင်ပေးတဲ့ သုဂတိဘ၀ တခုခုကျမှ ရနိုင်မယ်၊ အဲဒါလဲ မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်ပါမှရမှာ၊ ဒီတော့ အဲဒီ နောက်ကာလထိအောင် ဆိုင်းငံ့မနေပဲ ယခုဘ၀တွင်ပဲ နိဗ္ဗာန်ကို ရအောင် အားထုတ်သင့်ပါတယ်။

ဘယ်လို အားထုတ်ရမလဲဆိုရင်၊ အရိယာမဂ်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို ဖြစ်အောင် အားထုတ်ရမယ်၊ ဒါပေမဲ့ အရိယမဂ္ဂင်ကို စပြီးဖြစ်အောင် အားထုတ်လို့တော့ မဖြစ်ဘူး၊ ပုဗ္ဗဘာဂမဂ် (ရှေ့သွားမဂ်) ဆိုတဲ့ ၀ိပဿနာ မဂ္ဂင်တွေဖြစ်အောင် စပြီး အားထုတ်ရတယ်၊ အဲဒီလို အား

http://www.dhammadownload.com

ထုတ်ရာမှာလဲ အခြေခံက ပြည့်စုံဖို့ လိုသေး တယ်၊ ဒါကြောင့် မူလအခြေခံဖြစ်တဲ့ မဂ္ဂင်တွေ ပြည့်စုံအောင် ရှေးဦးစွာ အားထုတ်ရတယ်၊ မူလ အခြေခံ မဂ္ဂင်ဆိုတာ ဘာတွေလဲဆိုရင်၊ ခုတင် ကပြောခဲ့တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိမဂ္ဂင်ရယ်၊ သီလမဂ္ဂင်သုံးပါးရယ်၊ သမာဓိမဂ္ဂင်ရယ်- ဒီသုံး မျိုးပါပဲ။

ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေမှာတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိ-က ပြည့်စုံပြီးသားဖြစ် နေပါပြီ၊ သီလမဂ္ဂင်တွေကတော့ လူဝတ်ကြောင် တွေမှာဆိုရင် စောစောက မပြည့်စုံတောင် တရားအားထုတ်ခါနီး သီလဆောက်တည်လိုက် ရင် ပြည့်စုံတာပါပဲ၊ ရဟန်းများမှာတော့ စော စောကတည်းက သံသယရှိရင် ပရိဝါသ် မာနတ် ဆောက်တည်ပြီးတော့လဲ စင်ကြယ်စေ ရပါတယ်၊ မအပ်ဟဲ့ပစ္စည်းများရှိရင် အဲဒီ ပစ္စည်း တွေကိုလဲ စွန့်ပြီး ဒေသနာ ပြောကြားခြင်းဖြင့် စင်ကြယ်စေရတယ်၊ အဲဒီကနောက် စွမ်းနိုင်ရင် ဈာန်တပါးဖြစ်စေ၊ ၂-ပါး၊၃-ပါးဖြစ်စေ၊ လေး ပါးလုံးဖြစ်စေ ရအောင် အားထုတ်ရတယ်၊ အဲဒါ

http://www.dhammadownload.com

လောက်မစွမ်းနိုင်ရင်လဲ ဈာန်၏အနီး ဥပစာရ သမာဓိကို ရအောင် အားထုတ်ရတယ်၊ သမထ သမာဓိကို သီးသန့် အားမထုတ်နိုင်ရင်တော့ (နီဝရဏကင်းသည့်တိုင်အောင် ဥပစာရ သမာဓိနှင့်တူညီတဲ့) ဝိပဿနာခဏိကသမာဓိ ဖြစ်အောင် ဘူတရုပ်လေးပါး စသည့်ကို ရှုးရှုးစိုက်စိုက် ရှုရတယ်၊ အဲဒါကတော့ သမာဓိကို သီးခြားထူထောင်ရတာ မဟုတ်ပါဘူး၊ ရုပ်နာမ်တို့၏ သဘောမှန်ကိုသိအောင် ရှုးရှုးစိုက်စိုက်ရှုနေရင် ဝိပဿနာ သမာဓိက သူ့အလိုလို ဖြစ်လာ တာပါပဲ။ ဒါပေမဲ့ များစွာသော အာရုံတွေကို လိုက်ပြီးရှုနေရင်၊ သို့မဟုတ် မထင်ရှားတဲ့ အာရုံတွေကို လိုက်ပြီးရှုနေရင် သမာဓိအဖြစ်နှေးတတ်တယ်၊ ထင်ရှားတဲ့ ရှုစရာနဲ့နဲ့လောက်သာထားပြီး ရှုနေမှ သမာဓိ ဖြစ်လွယ်တတ်ကယ်။

ဒါကြောင့် ဝမ်းဗိုက်မှာ ထင်ရှားတဲ့ တောင့်တင်း တွန်းကန် လှုပ်ရှားမှု ဝါယောဓာတ်ကို စပြီးရှုဘို့ ဘုန်းကြီးတို့က ညွှန်ပြနေပါတယ်။ ရှုပုံကတော့ ဝမ်းဗိုက်က ဖောင်းတက်လာတဲ့

http://www.dhammadownload.com

အခါ ဖောင်းတယ်လို့ ရှုမှတ်ရတယ်၊ ပိန်ကျသွားတဲ့အခါ ပိန်တယ်လို့ ရှုမှတ်ရတယ်၊ အဲဒီဖောင်းတာ ပိန်တာကလေး ၂-ခုတည်းက စပြီး ရှုမှတ်ဖို့ ညွှန်ပြနေပါတယ်၊ ဒါပေမဲ့ အဲဒီ ၂-ခုထဲတော့လဲ မဟုတ်သေးဘူး၊ ဖောင်းတယ်၊ ပိန်တယ်လို့ ရှုနေယင်း စိတ်ကူးဖြစ်လာရင် အဲဒီစိတ်ကူးကိုလဲ ရှုမှတ်ရတယ်၊ ပြီးရင် ဖောင်းတာ ပိန်တာကိုပဲ ပြန်ပြီး ရှုမှတ်နေရတယ်၊ ကိုယ်ထဲက အခံခက်တဲ့ ဒုက္ခဝေဒနာ တခုခုထင်ရှားပေါ်လာရင် အဲဒါကိုလဲ ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်လို့ ဒုက္ခဝေဒနာ ပျောက်သွားရင်ဖြစ်စေ၊ မပျောက်သော်လည်း အတော်အတန်ကြာအောင် ရှုမှတ်ပြီးလျှင်ဖြစ်စေ ဖောင်းတာ ပိန်တာကိုပဲ ပြန်ပြီး စူးစူးစိုက်စိုက် ရှုမှတ်နေရတယ်၊ လက်ခြေ ကွေးမှု ဆန့်မှု လှုပ်ရှားပြုပြင်မှု ဖြစ်ပေါ်လာရင် အဲဒီ ကိုယ်အမူအရာကိုလည်း ရှုမှတ်ရတယ်၊ ပြီးယင် ဖောင်းတာပိန်တာကိုပဲ ပြန်ပြီး ရှုမှတ်နေရတယ်၊ မြင်မှု ကြားမှု အထူး စသည် ထင်ရှားပေါ်လာရင် အဲဒါကိုလဲ မြင်တယ် မြင်တယ်၊ ကြားတယ် ကြားတယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒီလို ၂-ချက်၊ ၃-ချက် လေးငါး

http://www.dhammadownload.com

ချက်လောက် ရှုမှတ်ပြီးရင် ဖောင်းတာ ပိန်တာကိုပဲ ပြန်ပြီး ရှုးရှူး စိုက်စိုက် ရှုမှတ်နေရတယ်။

ဒီပုံ ဒီနည်းဖြင့် ရှုးရှူးစိုက်စိုက် ရှုမှတ်နေရင် စိတ်တည်ကြည်မှု သမာဓိ၊ ထူးထူးခြားခြား ဖြစ်လာတာကို တွေ့ရလိမ့်မယ်၊ အဲဒီအခါမှာ ရှုတိုင်း ရှုတိုင်း ရှုသိရတဲ့ရုပ်ကတခြား + ရှုသိတဲ့နာမ်ကတခြား ကွဲပြားလျက် ထင်ပေါ်နေလိမ့်မယ်၊ အဲဒါဟာ စိတ်တည်ငြိမ်မှု သမာဓိကို မှီပြီး ရုပ်နဲ့ နာမ်ကို ခွဲခြားသိတဲ့ ဝိပဿနာဉာဏ် ထူးစပြီး ဖြစ်လာတာပါပဲ၊ ဒီလိုထူးခြားတဲ့ အသိဉာဏ်ဖြစ်ပုံကို ရည်ပြီးတော့ စက္ခုကရဏီ ဉာဏကရဏီ စသည်ဖြင့်လဲ ဟောတော်မူတယ် ပုဗ္ဗေနာပရံ ဝိသေသံ သဥ္ဇာနန္တိ–ရှေးကာလထက် နောက်ကာလ၌ အထူးကို သိကြတယ်လို့လဲ ဘိက္ခုနီ စသည်တို့က ပြောကြတာပဲ။

ဈာန်ရသူ ဝိပဿနာရှုပုံ

ရှေ့နားက ပြောခဲ့တဲ့အတိုင်း ဈာန်ရအောင် အားထုတ်နိုင်ယင်တော့ အဲဒီဈာန်သမာဓိနှင့် ယှဉ်တဲ့ဉာဏ်ဟာ ဈာန သမ္မာဒိဋ္ဌိပဲ၊ သို့ပေမဲ့ အဲဒီဈာနသမ္မာဒိဋ္ဌိကတော့ ဝိပဿနာ အရာမှာ

http://www.dhammadownload.com

မထင်ရှားပါဘူး၊ ဈာန်သမာဓိသာလျှင် စိတ္တဝိသုဒ္ဓိ အဖြစ်ဖြင့်ရော၊ ပါဒကဈာန်အဖြစ်ဖြင့်ရော ထင်ရှားပါတယ်၊ ကျေးဇူးလဲ များပါတယ်၊ ကျေးဇူးများပုံကတော့ မိမိရထားတဲ့ ဈာန်ကို အခြေခံအဖြစ်ဖြင့် ဝင်စားပြီး အဲဒီဈာန်က ထတဲ့အခါ အဲဒီဈာန်ဖြစ်ခိုက်က ပါဝင်တဲ့ ဝိတက် ဝိစာရ ပီတိသုခ ဧကဂ္ဂတာ ဖဿ စေတနာ မနသိကာရ စိတ်အစရှိသော နာမ်တရားတို့က စပြီးရှုရတယ်၊ အဲဒီလို ရှုလိုက်ယင် ချက်ခြင်းပဲ ထင်ရှားသိရတယ်၊ ဈာန်၏ မှီရာရုပ်ကို ရှုလိုက်ရင်လဲ ထင်ရှားပေါ်တယ်၊ သူ့အခိုက်အတန့်နှင့်သူ ဖြစ်ပေါ်လာပြီး ချက်ခြင်းပင် ပျက်ပျက်သွားတာကိုလဲ ထင်ရှားသိရတယ်၊ ပျက်ပျက်သွားလို့ မမြဲဘူး၊ ဆင်းရဲတွေပဲ၊ အနတ္တသဘောတရားမျှပဲ စသည်ဖြင့်လဲ လွယ်ကူစွာ သိရတယ်၊ ဒါကြောင့် ဈာန်ဝင်စားလိုက်၊ ဈာန်ဖြစ်ခိုက်က နာမ်တရား ရုပ်တရားတွေကို ရှုလိုက်နဲ့ အဖန်ဖန် ရှုပွားနေရင်းပဲ ဝိပဿနာ မဂ္ဂင်တွေ ရင့်သန်ပြည့်စုံပြီး မကြာမီပင် အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု သွားနိုင်တယ်၊ အဲဒီလို ဖြစ်နိုင်ပုံကို အင်္ဂုတ္တိုရ်ပါဠိ နဝနိပါတ်ဈာနသုတ် စသည်

http://www.dhammadownload.com

မှာ ဒီလိုဟောထားပါတယ်။

ဘိက္ခဝေ–ရဟန်းတို့၊ ဣဓ ဘိက္ခု–ဤသာသနာတော်ကရဟန်းသည်။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇဝိဟာရတိ–ပဌမဈာန်ကို ဝင်စား၍ နေ၏။ သော–ထိုရဟန်းသည်၊ ယဒေဝ တတ္ထဟောတိ ရူပဂတံ။ပ။ ဝိညာဏဂတံ၊ တေ ဓမ္မေ–ထိုဈာန် ဝင်စားခိုက်၌ရှိသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို၊ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော– အနိစ္စ ဒုက္ခ အနတ္တ ဟု၊ သမနုပဿတိ– ဈာန်မှထသောအခါ ရှုမြင်၏။ပ။ သော ထိုသို့ရှုမြင်သော ရဟန်းသည်၊ တတ္ထဋ္ဌိတော–ထိုဈာန်ဖြစ်ခိုက် ရုပ်နာမ်တို့ကို ရှုမြင်သောဝိပဿနာ၌ တည်လျက်၊ အာသဝါနံ ခယံ ပါပုဏာတိ– အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တဖိုလ် သို့ရောက်၏–တဲ့။

ဒါက ဈာန်ရပုဂ္ဂိုလ်မှာ ဈာန်ဝင်စားပြီးတော့ မိမိသန္တာန်မှာ တကယ်ဖြစ်ပျက်သွားတဲ့ ဈာန် စိတ်စေတသိက် နာမ်နှင့် ရုပ်တရားတို့ကို ဝိပဿနာရှုပြီး အရိယမဂ်သို့ ရောက်သွားပုံပါပဲ။ အဲဒီမှာ ဝိပဿနာရှုပုံကို လေးလေးနက်နက်

http://www.dhammadownload.com

သတိပြုပြီး ဆင်ခြင်ကြည့်ပါ။ သုတမယဉာဏ်ဖြင့် ကျက်မှတ်ပြီး ဆင်ခြင်တာလား၊ တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်ကို ရှုတာလား၊ ကျက်မှတ်ပြီး ဆင်ခြင်တာမဟုတ်ဘူး၊ ဈာန်ရပုဂ္ဂိုလ်၏ သန္တာန်မှာ တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်အစစ်ကို သူဖြစ်ပျက်သွားတဲ့ အတိုင်း ရှုမြင်တာပဲ၊ အဲဒီ ဈာန်ရပုဂ္ဂိုလ်ဟာ ဈာန်ဝင်စားပြီးတော့ ဈာန်မှထတဲ့အခါ ရှေ့အခြားမဲ့၌ တကယ်ဖြစ်ပျက်သွားသော ဈာန်စိတ် စသည်ကို ရှုရသလိုပင် ဈာန်မရတဲ့ ပုဂ္ဂိုလ်တွေမှာလဲ မိမိမှာ တကယ် ဖြစ်ပျက်သွားတဲ့ ရှေ့. အခြားမဲ့ ကာမစိတ်စသည်ကို သူဖြစ်ပျက်သွားတဲ့အတိုင်း ရှုရမယ်ဆိုတာ မထင်ရှားဘူးလား၊ ထင်ရှားပါတယ်။ အဲဒီတော့ ဈာန်မရတဲ့သူတွေလဲ ဝိပဿနာရှုရင် ကျက်မှတ်ပြီးတော့ ဆင်ခြင်ရှုရုံမျှဖြင့် ဝိပဿနာ ဉာဏ်အစစ် မဖြစ်ဘူး၊ မိမိကို့ သန္တာန်မှာ တကယ်ဖြစ်ပျက်သွားတဲ့ ရှေ့. အခြားမဲ့က ထိသိမှု၊ ကြားသိမှု ကြားမှု မြင်မှု နံမှု စားသိမှု စသည်တို့ကို သူဖြစ်ပျက်သွားတဲ့အတိုင်း ရှုမြင်နိုင်ပါမှ ဝိပဿနာအစစ်ဖြစ်တယ်ဆိုတာကို ခိုင်ခိုင်မြဲမြဲ မှတ်ထားကြရမယ်။

http://www.dhammadownload.com

ပကိဏ္ဏကသင်္ခါရရှုပုံ

ဈာန်ဝင်စားပြီး ရှုပုံ နောက်တနည်းက တော့ မိမိရထားတဲ့ဈာန်ကို ဝင်စားပြီးတော့ အဲဒီဈာန်မှ ထတဲ့အခါ အဲဒီဈာန်စိတ်စေတသိက် ရုပ်တို့တွင် ထင်ရှားရာကို ရှုပြီးတော့ ထိသိမှု ကြဲ့သိမှု ကြားမှု မြင်မှု အစရှိသော ပေါ်ရာ ပေါ် ရာ ရုပ်နာမ်တွေကို လိုက်ရှုနေရတယ်၊ အဲဒီလို ထင်ရှား ပေါ်ရာရာတွေကို လိုက်ရှုတာက ပကိဏ္ဏက သင်္ခါရတွေကို ရှုတာခေါ်တယ်၊အဲဒီ ရှုပုံကတော့ ဈာန်မရတဲ့ သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်တို့၏ ရှုပုံနှင့် အတူတူတပါပဲ၊ ထူးတာ ကတော့ ဈာန်ကို အခြေခံပြုပြီး ရှုတာရယ်၊ ဈာန်သမာဓိ အခြေခံ ကောင်းတဲ့အတွက် ပေါ် ရာရာ ရုပ်နာမ်တွေကို လွယ်ကူထင်ရှားစွာ သိ နိုင်တာရယ်၊ ဒီအခြင်းအရာ ၂-ပါးလောက်ပဲထူး ခြားပါတယ်၊ အဲဒီလို ပေါ်ရာရာတွေ လိုက်ရှု နေလို့ ကိုယ်စိတ် ပင်ပမ်းလာတဲ့အခါ ဈာန်ကို ပြန်ပြီး ဝင်စားရတယ်၊ အပင်ပန်း ပြေငြိမ်းသွား တဲ့အခါကျတော့ ပေါ်ရာရာရုပ်နာမ်ကို လိုက်ပြီး ရှုရပြန်တယ်၊ ဒီပုံဒီနည်းဖြင့် ဈာန်အခြေခံပြီး

ပေါ်ရာရာရှုနေရင်း ဝိပဿနာ ဉာဏ်ရင့်သန် လာတဲ့အခါကြတော့ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ် အဲဒီလို ရှုပုံကို မူလပဏ္ဏာသ အဋ္ဌကထာဋီကာ ဝိတက္ကသုတ် အဖွင့် (နှာ-၃၈၇) မှာ ဒီလို ပြဆိုထားပါတယ်။

ဧတ္တာဝတာ- ဤမျှသော စကားရပ်ဖြင့် ဗောဓိသတ္တဿ-ဘုရားအလောင်းတော်၏ သမာပတ္တိံ နိဿာယ- ဈာန်သမာပတ်ကို မှီ၍ ဝိပဿနာ ပဋ္ဌပနကာလော-ဝိပဿနာ ဖြစ်စေသော ကာလကို၊ ကထိတော-ဟောတော်မူအပ်၏။ ဟိ-မှန်ပေ၏၊ ယဿ-အကြင် ပုဂ္ဂိုလ်အား သမာဓိပိ တရုဏော ဝိပဿနာပိ- သမာဓိရော ဝိပဿနာရော နုသေး၏၊ တဿ-ထို ပုဂ္ဂိုလ်အား၊ ဝိပဿနံ ပဋ္ဌပေတွာ အတိစိရံ နိသိန္နဿ- ဝိပဿနာကို ဖြစ်စေ၍ အလွန်ကြာမြင့်စွာ ထိုင်နေလတ်သော်၊ ကာယော-ကိလမတိ-ကိုယ်ပင်ပန်း၏၊ အန္တော အဂ္ဂိဝိယ ဥဋ္ဌဟတိ- ကိုယ်တွင်း၌ မီးထတောက်သလို ပူလောင်တတ်၏၊ ကစ္ဆေဟိ သေဒါ မုစ္စန္တိ - လက်ကတီးကြားတို့မှ

http://www.dhammadownload.com

ချွေးများထွက်တတ်ကုန်၏၊ မတ္တကတော ဥသုမ ဝဋ္ဋိဝိယ ဥဋ္ဌဟတိ-ဦးထိပ်မှ အခိုးအငွေ့ ထောင်းထောင်းထသကဲ့သို့ ဖြစ်တတ်၏။ စိတ္တံ ဟညတိ ဝိဟညတိ ဝိပ္ဖန္ဒတိ- စိတ်သည် အလွန်ပင်ပန်းတုန်လှုပ်၏၊ သော-ထို ယောဂီသည် ပုန သမာပတ္တိံ သမာပဇ္ဇတွာ- တဖန် သမာပတ်ကို ဝင်စားပြီးလျှင်၊ တံ-ကိုယ်စိတ်၏ ထိုပင်ပန်းခြင်းကို၊ ပရိဒမေတွာ-သိမ်မွေ့စေ၍၊ မုဒုံကတွာ နူးညံ့စေ၍၊ သမဿာသေတွာ- သက်သာရာရစေ၍၊ ပုနဝိပဿနံ ပဋ္ဌပေတိ-တဖန် ဝိပဿနာကို ဖြစ်စေပြန်၏၊ ပုန အတိစိရံ နိသန္နဿ-တဖန် အလွန်ကြာမြင့်စွာ ထိုင်နေလတ်သော်၊ တဿ-ထိုယောဂီအား၊ တထေဝ ဟောတိ-ထို့အတူပင် ပင်ပန်းပြန်၏၊ သော-ထိုယောဂီသည် ပုနသမာပတ္တိံ သမာပဇ္ဇိတွာ-တဖန် သမာပတ်ကို ဝင်စားပြန်၍ ကဏော ကရောတိ -ကို့အကူပင် ပြုပြင်၏၊ ဟိ-ထိုသို့ပြုသင့်သည်မှန်ပေ၏၊ သမာပတ္တိ-သမာပတ်သည်၊ ဝါ-ဈာန်ဝင်စားခြင်းသည်၊ ဝိပဿနာယ-ဝိပဿနာအား၊ ဗဟူပကာရော- ကျေးဇူးများလှပါပေ၏-တဲ့။

http://www.dhammadownload.com

အဲဒါဟာ ဈာန်ကို အခြေခံအဖြစ် ဝင်စားပြီးတော့ အဲဒီဈာန်မှ စပြီး ပေါ်ရာရာ ပကိဏ္ဏကသင်္ခါရ (ပြိုးပြွမ်းရုပ်နာမ်) တရားတွေကို လိုက်ပြီးရှုပုံပါပဲ၊ ဈာန်မရှိတဲ့ပုဂ္ဂိုလ်တွေမှာတော့ ထိသိမှု ကြံသိမှု ကြားမှု မြင်မှု အစရှိတဲ့ ပေါ်ရာရာပကိဏ္ဏကသင်္ခါရတွေကိုသာ မပြတ်လိုက်ပြီး ရှုနေရတယ်၊ အဲဒီလို ပေါ်ရာရာတွေကို မပြတ်လိုက်ပြီး ရှုနေလို့ ပင်ပန်းလာတဲ့အခါ ဈာန်မရှိတဲ့အတွက် ဈာန်ကိုတော့ မဝင်စားနိုင်ဘူး၊ မူလအစက လေ့ကျင့်ထားတဲ့ ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှု အစရှိတဲ့ ရှုမှတ်နေကျ အာရုံနဲ့နဲ့ကို ပြန်ရှုနေရတယ်၊ အဲဒီလို ရှုနေကျ အာရုံနဲ့နဲ့နကို ပြန်ရှုနေတော့ ကိုယ်စိန်ပင်ပန်းတာ ပြေငြိမ်းသွားတယ်၊ အဲဒီအခါ ပေါ်ရာရာ ပကိဏ္ဏက သင်္ခါရတွေကို မပြတ်လိုက်ပြီး ရှုနေရတယ်၊ အဲဒီလို ရှုခြင်းဖြင့် ဂိုဏ္ဍသာနုသာသမာဓိ ဉာဏ် ရင့်သန်ပြည့်စုံလာတဲ့အခါကျတော့ ကိုယ်စိတ်ပင်ပန်းခြင်း မရှိပဲ နေ့ရောညဥ့်ပါ ပေါ်ရာရာကို မပြတ်လိုက်ပြီး ရှုမှတ်နိုင်ပါတယ်၊ အဲဒီအခါမှာ အာရုံတွေကလဲ သူ့အလိုလို ဉာဏ်ထဲမှာ ပေါ်ပေါ်ပေးနေသလို ဖြစ်နေတယ်၊ ရှုသိတဲ့ သတိနှင့်

http://www.dhammadownload.com

ဉာဏ်ကလဲ ကြောင့်ကြမစိုက်ရပဲ သူ့အလိုလို ပင် အမှတ်ရရပြီး အမှန်အတိုင်း သိသိသွားနေ တယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေဟာ သူ့ အလိုလိုပင် ထင်ပေါ်နေတယ်၊ အဲဒီလို သိသိ နေရင်းထဲက အထူးသွက်လက် ထက်သန်တဲ့ အသိတွေ ဖြစ်လာပြီးတော့ သိစရာအာရုံရော သိသိနေတာတွေရော ပြတ်စဲချုပ်ငြိမ်းတဲ့ သဘောထဲသို့ ဆိုက်ရောက် ပြေးဝင်သွားတယ်၊ အဲဒါဟာ အရိယမဂ္ဂင်ဖြင့် နိဗ္ဗာန်သို့ ဆိုက် ရောက်ပြေးဝင် သွားတာပဲ၊ ဒါကြောင့် –

မူလ,ပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်။

ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင် နိဗ္ဗာန် ဓာတ် – လို့ ဆောင်ပုဒ်က ဆိုထားပါတယ်။

ဝိပဿနာမဂ္ဂင် စ၍ဖြစ်ပုံ

အဲဒီမဂ္ဂင် သုံးသွယ်မှာ ပါရမီသမ္ဘာရပုဂ္ဂ သမ္မာဒိဋ္ဌိနှင့် သီလ မဂ္ဂင်ဆိုတဲ့ မူလမဂ္ဂင် ၂-မျိုး ကတော့ ဘာဝနာအလုပ် အားမထုတ်ခင်က တည်းက ပြည့်စုံခဲ့ရကြောင်း ရှေ့နားက ပြောခဲ့ ပြီး၊ သမထ သမာဓိ အခြေခံပြီး ဝိပဿနာရှုတဲ့

http://www.dhammadownload.com

သမထယာနိကယောဂီမှာဆိုရင် ဥပစာရ သမာဓိဖြစ်စေ၊ အပ္ပနာဈာန်သမာဓိဖြစ်စေ အဲဒီ သမာဓိ ၂-ပါးဆိုတဲ့ မူလမဂ္ဂင်ကိုလည်း ဝိပဿနာမရှုခင်ကတည်းက ပြည့်စုံအောင် အားထုတ်ခဲ့ရတယ်၊ ဝိပဿနာသက်သက်က စပြီးအားထုတ်တဲ့ သုဒ္ဓဝိပဿနာ ယာနိကယောဂီမှာတော့ အဲဒီအခြေခံသမာဓိ မဂ္ဂင်က ဝိပဿနာရှုငဲ့တဲ့ ဘူတရုပ် လေးပါးစသည်ကို ရှုနေယင်းပင် ရှုရာရာ အာရုံမှာ ကပ်လျက် ကပ်လျက် တည်သောအားဖြင့် ပြည့်စုံလာတယ်၊ အဲဒီအခါမှာ အာရုံတပါးသို့ ပျံ့လွင့်ပြေးသွားခြင်း မရှိတော့ဘူး၊ ဒါကြောင့် ဝိပဿနာ ရှုသိတဲ့စိတ်ချည်းစင်ကြယ်လျက် စိတ္တဝိသုဒ္ဓိဖြစ်တယ်၊ အဲဒီ အချိန်ကစပြီး ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဝိပဿနာမဂ္ဂင်တရားတွေ ဖြစ်ပွားလာတယ်။

ဝိပဿနာ သမာဓိ မဂ္ဂင်များဖြစ်ပုံ

ဖြစ်ပွားပုံကတော့ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် ကွေးတယ် သိတယ် ပူတယ် နာတယ် မြင်တယ် ကြားတယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်း၊ အဲဒီလို ရှုမှတ်မိအောင်

http://www.dhammadownload.com

ကြောင့်ကြစိုက်ပေးတာက သမ္မာဝါယာမမဂ္ဂင် ပဲ၊ အမှတ်ရတာက သမ္မာသတိမဂ္ဂင်ပဲ၊ (ကိုယ် အမူအရာနှင့် မှတ်မိတာက ကာယာနုပဿနာ သတိပဋ္ဌာန်ပဲ၊ ဝေဒနာ စိတ်သဘောတရားတွေ ကို မှတ်မိတာတွေက ဝေဒနာနုပဿနာ စိတ္တာ နုပဿနာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တွေပဲ) ရှုမှတ်မိရာ အာရုံ၌သာ ကပ်လျက် ကပ်လျက် တည်တည်နေတာက သမ္မာသမာဓိမဂ္ဂင်ပဲ၊ (ဝိပဿနာ ခဏိကသမာဓိမဂ္ဂင်ပေါ့) ဒီသမ္မာ ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတာတွေ က သမာဓိမဂ္ဂင်သုံးပါးတဲ့။

ဝိပဿနာ ပညာ မဂ္ဂင်များ ဖြစ်ပုံ

ရှုမှတ်မိတဲ့အာရုံကို အမှန်အတိုင်း သိသိ သွားတာက သမ္မာဒိဋ္ဌိမဂ္ဂင်ပဲ၊ စိတ္တဝိသုဒ္ဓိဖြစ်ပြီး ခါစမှာ မှတ်သိရတဲ့ အာရုံရုပ်နဲ့ မှတ်သိတဲ့ စိတ် နာမ်ကို အမှန်အတိုင်း ပိုင်းခြားသိတယ်၊ အဲဒီ လို အသိရှင်းတဲ့အခါမှာ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တယ်။ အဲဒီကနောက်မှာ ရှုမှတ်နေရင်း အကြောင်းနှင့် အကျိုးကို ပိုင်းခြားပြီးသိတယ်၊ ကွေးချင်တဲ့စိတ် ရှိလို့ ကွေးတာယ်၊ ဆန့်ချင်တဲ့စိတ်ရှိလို့ဆန့်

http://www.dhammadownload.com

တယ်၊ လှုပ်ချင်တဲ့စိတ်ရှိလို့ လှုပ်တယ်၊ မျက်စိရှိလို့မြင်တယ်၊ မြင်စရာရှိလို့ မြင်တယ်၊ နားရှိလို့ကြားတယ်၊ အသံရှိလို့ကြားတယ်၊ ကံကောင်းလို့ ချမ်းသာရတယ်၊ စသည်ဖြင့် အကြောင်း နှင့်အကျိုး မျှသာရှိကြောင်း အမှန်အတိုင်း သိသိနေတယ်၊ အဲဒီကနောက် ရှုမှတ်တိုင်း ရှုမှတ်တိုင်း အစဖြစ်ပေါ်လာတာကိုလဲ တွေ့ရတယ်၊ အဆုံးပျောက်ကွယ်သွား တာကိုလဲ တွေ့ရတယ်၊ ဒါကြောင့် ရှုသိတဲ့ အာရုံရော ရှုသိတဲ့စိတ်ရော မမြဲဘူးလို့လဲ အမှန်အတိုင်းသိတယ်၊ ခဏမစဲ ဖြစ်ပျက်နေလို့ ကြောက်စရာကောင်းတဲ့ ဆင်းရဲပဲ နှစ်သက်ဖွယ် မရှိတဲ့ ဆင်းရဲပဲ၊ ကိုယ့် အလိုအတိုင်း မဖြစ်တဲ့ အနတ္တပဲ အစိုးမရတဲ့ သဘောတရားပဲလို့ အမှန်အတိုင်း သိရတယ်၊ အဲဒီလို အမှန်အတိုင်းသိမြင် သိမြင်သွားကာကွေ့ကာ သမ္မာဒိဋ္ဌိမဂ္ဂင်ကွေ့ပဲ။

အဲဒီလို သိပုံကို ရည်ပြီးတော့ မြတ်စွာဘုရားက (ဒုက္ခေ ဉာဏံ) ဒုက္ခသစ္စာ-ဆင်းရဲအစစ်အမှန်၌ ဖြစ်တဲ့ အသိဉာဏ်ကို သမ္မာဒိဋ္ဌိမဂ္ဂင်လို့ ဟောပြတော်မူခဲ့တာပဲ၊ အဲဒီလို ရှုမှတ်

http://www.dhammadownload.com

တိုင်း ရှုမှတ်တိုင်း ဒုက္ခသစ္စာကို အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ဖြင့် အမှန် အတိုင်းသိမြင်နေရင် ကျန်တဲ့ သစ္စာသုံးပါးကို လဲ သိမြင်ခြင်းကိစ္စ ပြီးတော့တာပဲ၊ အဲဒီကိစ္စ ပြီးပုံကိုတော့ နောက်ပိုင်း မဂ္ဂသစ္စာအခန်းကျမှ ပြောရမယ်၊ အဲဒီလို အမှန်အတိုင်း သိမြင်နိုင် အောင် ရုပ်နာမ်သဘော, အဖြစ်အပျက်, အနိစ္စ, ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် စိတ်ညွှတ် ပေးတာက သမ္မာသင်္ကပ္ပမဂ္ဂင်ပဲ၊ ဒီသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ဆိုတဲ့ မဂ္ဂင် ၂-ပါးက ပညာမဂ္ဂင် တွေပဲ။

ခုတင်က ပြောခဲ့တဲ့ သမာဓိမဂ္ဂင် ၃-ပါးနဲ့ ဒီပညာမဂ္ဂင် ၂-ပါးကို ပေါင်းလိုက်ရင် မဂ္ဂင် ၅-ပါးဖြစ်တယ်၊ ဒီ ၅-ပါးကိုကာရကမဂ္ဂင်များ လို့ခေါ်တယ်၊ ရှုတိုင်း ရှုတိုင်း ရှုသိခြင်း ကိစ္စ ပြီးအောင် ဒီမဂ္ဂင် ငါးပါးက တပေါင်းတည်းပြု လုပ်နေကြတယ်၊ ဒါကြောင့် သူတို့ကို ကာရက မဂ္ဂင်လို့ အဋ္ဌကထာက အမည်ပေးထားတယ်၊ အလုပ်သမားမဂ္ဂင်တွေပေါ့။ နောက်ပြီးတော့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့

http://www.dhammadownload.com

သီလမဂ္ဂင်တွေကတော့ ဝိပဿနာမရှုမီ ရှေး အဖို့ကပင် ပြည့်စုံနေခဲ့တယ် ရှုနေတဲ့အခါလဲ ဒီသီလပျက်တာ မဟုတ်ဘူး၊ ပိုပြီး စင်ကြယ် လာတာပဲ၊ ဒါကြောင့် အဲဒီ သီလမဂ္ဂင်တွေပါ ဆိုယင် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဝိပဿနာ မဂ္ဂင်ရှစ်ပါးဆိုတဲ့ ပုဗ္ဗဘာဂ မဂ္ဂင်တရားတွေကို ပွားများနေသည်မည်တယ်။ မဂ္ဂင် ခုနှစ်ပါးကို အကျယ်အားဖြင့် ပြောပြီးပြီ၊ သမ္မာသင်္ကပ္ပ မဂ္ဂင် တပါးပဲကျန်တော့တယ်၊ ယခု အဲဒီမဂ္ဂင်ကို ပြောရမယ်။

သမ္မာသင်္ကပ္ပမဂ္ဂင်

ဘိက္ခဝေ–ရဟန်းတို့၊ သမ္မာသင်္ကပ္ပေါ– မှန် စွာကြံခြင်းသည်၊ ကတမော စ–အဘယ်ပါနည်း၊ နေက္ခမ္မသင်္ကပ္ပေါ–ကာမဂုဏ်မှ ထွက်မြောက် ရေး ကြံခြင်းသည်၎င်း၊ အဗျာပါဒသင်္ကပ္ပေါ– မသတ်ရေး,မသေစေလိုရေး, ချမ်းသာစေလိုရေး ကြံခြင်းသည်၎င်း၊ အဝိဟိံသာသင်္ကပ္ပေါ–မညှဥ်း ဆဲလိုရေး, သနားစောင့်ရှောက်ရေး ကြံခြင်း သည်၎င်း၊ အတ္ထိ–ရှိ၏။ အယံ–ဤအကြံ သုံး ပါးကို၊ သမ္မာသင်္ကပ္ပေါ–မှန်စွာ ကြံခြင်းဟူ၍၊

http://www.dhammadownload.com

ဝုစ္စတိ–ခေါ်ဆိုအပ်၏တဲ့။

အဲဒါဟာ သမ္မာသင်္ကပ္ပမဂ္ဂင်ကို အကျယ်ဖွင့်ပြတဲ့ မြတ်စွာဘုရား စကားတော်ပါပဲ၊ ကုသိုလ်ကောင်းမှုပြုရန် ရှင်ရဟန်းပြုရန် တရားနာရန် တရားကျင့်ရန် စသည်ဖြင့် ကုသိုလ်ရေးနှင့် စပ်ပြီး ကြံတာဟူသမျှဟာ နေက္ခမ္မသင်္ကပ္ပထဲပါဝင်တယ်၊ (အကျယ်ကို သိလိုလျှင် သလ္လေခသုတ်တရားတော်စာအုပ် ဒုတိယတွဲမှာ ကြည့်ပါ။)

ပဗ္ဗဇ္ဇာ ပဌမံ ဈာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။

သဗ္ဗေပိ ကုသလာ ဓမ္မာ၊နေက္ခမ္မန္တိ ပဝုစ္စရေ

ဆိုတဲ့ ဂါထာအရ ဝိပဿနာ ရှုတိုင်း ရှုတိုင်း နေက္ခမ္မသင်္ကပ္ပဆိုတဲ့ သမ္မာသင်္ကပ္ပမဂ္ဂင် ပါဝင်နေကြောင်း ထင်ရှားပါတယ်၊ သူတပါးအား မသေမပျက်စေရန် ချမ်းသာစေရန် ကြံတာက အဗျာပါဒ သင်္ကပ္ပ ဖြစ်ပ္ပွားနေပါတယ်၊ သနားငဲ့ညှာပြီး ကြံတာက အဝိဟိံသသင်္ကပ္ပပဲ၊ ကရုဏာဘာဝနာ ပွားများနေတဲ့အခါ အထူးအားဖြင့် ဒီအဝိဟိံ သာသင်္ကပ္ပဖြစ်ပွားနေပါတယ်၊ ဝိပဿနာရှုဆဲမှာလဲ ရှုမိတဲ့ အာရုံနှင့်စပ်ပြီး သေစေလို

http://www.dhammadownload.com

တဲ့အကြံ, ညှင်းဆဲလိုတဲ့ အကြံများဖြစ်ခွင့် မရှိ သောကြောင့် ရှုသိတိုင်း ရှုသိတိုင်း ဒီ သမ္မာ သင်္ကပ္ပ ၂-ပါးလဲ ပါဝင်ပြီး စီးတယ်လို့ပဲ ယူသင့်ပါတယ်။ ဒါပေမဲ့ ဝိပဿနာ ရှုချက်ထဲ ပါဝင်တဲ့ သင်္ကပ္ပအကြံဆိုတာကတော့ တမင် တွေးကြံနေတာမျိုးတော့ မဟုတ်ပါဘူး၊ ရုပ်နာမ် သဘော အဖြစ်အပျက်သဘော အနိစ္စ ဒုက္ခ အနတ္တ သဘောများကို အမှန်အတိုင်းသိအောင် ရှေ့ဆောင်သကဲ့သို့ စိတ်ဦးညွတ်ပေးတဲ့ သဘောမျှပါပဲ၊ အဲဒါကိုပင် သမ္မာသင်္ကပ္ပ-မှန် စွာ ကြံခြင်းလို့ ခေါ်ဆိုရပါတယ်။

ယခု ပြောလာခဲ့တာဟာ မူလ မဂ္ဂင် အကြောင်းလဲ ပြည့်စုံပြီ၊ ပုဗ္ဗဘာဂမဂ္ဂင် ခေါ်တဲ့ ဝိပဿနာ မဂ္ဂင် ရှစ်ပါးအကြောင်းလဲ ပြည့်စုံပြီ၊ အဲဒီ ဝိပဿနာမဂ္ဂင်တွေ ပွားများလို့ ရင့်သန် ပြည့်စုံပဟဲ့အခါမှာ အရိယမဂ္ဂင်အဖြစ် ပြောင်းလဲ ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာပဲ၊ ဒါ ကြောင့် ဝိပဿနာကို ပုဗ္ဗဘာဂမဂ် ရှေ့ပိုင်းမဂ် လို့ ခေါ်ရတယ်၊ အရိယမဂ်ကိုတော့ နောက်ဆုံး ပိုင်းမဂ်လို့ ခေါ်ရမှာပေါ့၊ ဒီ ဝိပဿနာမဂ်နှင့်

http://www.dhammadownload.com

အရိယမဂ်ဟာ ရှေ့ပိုင်းအဖြစ်နှင့် နောက်ပိုင်းအဖြစ်မျှသာ ကွဲပြားတယ်၊ ဖြစ်သွားပုံကတော့ တစပ်တည်း တဆက်တည်း ဖြစ်သွားတာပဲ၊ ဒါကြောင့် နောက်ဆုံးပိုင်းဖြစ်တဲ့ အရိယမဂ်ကို ရလိုလျှင် ရှေ့ပိုင်းဖြစ်တဲ့ ဝိပဿနာမဂ်ကို ပွားစေရတာပဲ၊ အဲဒီလို ပွားစေရင် နောက်ဆုံးကျတော့ အရိယမဂ်က သူ့အလိုလိုပင် ဖြစ်သွားတော့တာပဲ၊ ဥပမာအားဖြင့် ရေမြောင်းကို ခုန်ကျော်လိုလျှင် အရှိန်ဖြင့် ပြေးလာပြီး ခုန်လိုက်ရတယ်၊ ခုန်ပြီးတဲ့ နောက်မှာတော့ ဘာမျှကြောင့်ကြစိုက်ဘို့ မလိုတော့ဘူး၊ သူ့အလိုလိုပင် ဟိုဘက်ကမ်းပေါ်သို့ ကျသွားတော့တာပါပဲ အဲဒါလိုပါပဲ၊ ဝိပဿနာမဂ်ကို ပွားစေရတာက အရှိန်ယူပြီး ခုန်လိုက်တာနဲ့တူတယ်၊ ခုန်ပြီးတဲ့နောက်မှာ ကြောင့်ကြမစိုက်ရပဲ ဟိုဘက်ကမ်းပေါ်သို့ သူ့အလိုလို ကျသွားတာက ဝိပဿနာအဟုန်ကြောင့် အရိယမဂ် ဖြစ်ပေါ်တာနဲ့ တူတယ်၊ ဒါကြောင့် –

မူလ, ပုဗ္ဗ၊အရိယ၊ သုံး၀ မဂ္ဂင်မြတ်။

ဖြစ်ပွားစေလျှင်၊ဤမဂ္ဂင်၊ ပြေး၀င်နိဗ္ဗာန်ဓာတ်-

http://www.dhammadownload.com

ဒီလိုဆောင်ပုဒ် ၂-ခုကို စီထားတာပဲ၊ အလွန် သဘာဝကျတဲ့ ဆောင်ပုဒ်များပါပဲ။ ယခု အဲဒီ ဆောင်ပုဒ်များကို ထပ်ဆိုပြီး ဒီကနေ့ တရား သိမ်းရမယ်။

မူလ, ပုဗ္ဗ၊အရိယ၊ သုံး၀ မဂ္ဂင်မြတ်။

ဖြစ်ပွားစေလျှင်၊ဤမဂ္ဂင်၊ ပြေး၀င်နိဗ္ဗာန်ဓာတ်။

ဤဓမ္မစကြာတရားတော်ကြီးကို ရိုသေစွာ နာယူမှတ်သားကြရသောဓမ္မသာဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် ယခု တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်း တို့သည် ပဉ္စမပဋ္ဌိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါး မြတ် တရားကို ပွားများအားထုတ်နိုင်ကြသဖြင့် ဆင်း ရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်း သာတရားတော်မြတ်ကို မိမိတို့ အလိုရှိအပ် သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု ....၊ သာဓု ..... သာဓု ..... ။

ဓမ္မစကြာတရားတော်ပြီးပြီ။

http://www.dhammadownload.com